# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၁)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ကျွန်မတို့ ပြည်သူတွေအားလုံး သိတဲ့အတိုင်းပဲ မနေ့တုန်းက ပထမဦးဆုံး စပြီးတော့ ကိုဗစ်ကာကွယ်ဆေးတွေ ထိုးပေးပါတယ်။ ပထမဆုံး စပြီး ထိုးပေးတာကတော့ ကျွန်မတို့ရဲ့ ရှေ့တန်းကနေပြီးတော့ ကျန်းမာရေး ဝန်ဆောင်မှုပေးနေတဲ့ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်း တွေပဲ ဖြစ်ပါတယ်။ ပြည်နယ်တိုင်း၊ တိုင်းတိုင်းမှာ စပြီးတော့ အစီအစဉ်တွေ ကို လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မလည်းသွားပြီး ကြည့်လိုက်ပါတယ်။ နေပြည်တော်မှာပေါ့။ နေပြည်တော်မှာ ထိုးနေတဲ့အစီအစဉ်၊ အဲဒီမှာဆိုရင် ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးက သတ္တိရှိရှိနဲ့ တစ်ခါ တည်းကို အင်္ကျီလက်တွေ ဘာတွေ ပင့်ပြီးတော့ အထိုးခံလိုက်တာ လုံးဝ မနာဘူးလို့ပြောပါတယ်။ လုံးဝမနာတဲ့အပြင် ကျွန်မ ခုနကပဲ မေးကြည့်တဲ့အခါ ကျတော့ ဘာမှလည်းဆိုးကျိုးတွေလည်းမရှိဘူးတဲ့။ ဒါပေမယ့် မနေ့တုန်းက


*စာမျက်နှာ ၃ ကော်လံ ၁* ◆


**"ကာကွယ်ဆေးထိုးတဲ့ အစီအစဉ် အောင်မြင်ဖို့အတွက် ကူညီကြပါ။ ပူးပေါင်းကြပါ။ ပြည်သူတွေသာ အဓိက ဆိုတာကို ဘယ်တော့မှ မမေ့ပါနဲ့"**

**တောင်တန်း - မြေပြန့် တန်းတူညီမျှ ပြည်ထောင်စုပန်းတိုင်**

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး


စာ ❖ ၆


**အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) မှ ကိုယ်စားလှယ်များ အလွတ်သဘော တွေ့ဆုံဆွေးနွေး**


စာ ❖ ၈


**ဂျိုးဘိုင်ဒင်နှင့် သမ္မတပူတင်တို့ နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်ကို သက်တမ်းတိုးရန်သဘောတူ**


စာ ❖ ၁၂



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အစိုးရိမ်လွန်စရာမရှိ သတိကြီးစွာဖြင့်...

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မြန်မာနိုင်ငံတွင်း၌ စတင်ထိုးနှံနေပြီဖြစ်သည်။ အခြားသော ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် လက်ဝယ်ရရှိထားသော ကာကွယ်ဆေးနှင့် ထိုးနှံရန်လိုအပ်သည့် လူအရေအတွက် မမျှမတဖြစ်နေသည့်အတွက် မည်သို့သောသူများကို ပထမဆုံး စတင်ထိုးနှံမည်၊ ထို့နောက် မည်သူတို့ကို ဆက်လက်ထိုးနှံမည် စသည့် ကာကွယ်ဆေးထိုးနှံရေး ဦးစားပေးအစီအစဉ်များ ရေးဆွဲကာ အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။

ထိုအစီအစဉ်များအရ လွန်ခဲ့သောရက် ဇန်နဝါရီ ၂၇ ရက်နေ့က ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေး စတင်ထိုးနှံနေပြီဖြစ်ပါသည်။

နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးစတင်ထိုးနှံရာသို့ ကိုရိုနာဗိုင်းရပ်စ် ရောဂါ (ကိုဗစ်-၁၉) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှုအားပေးသည်ကို သတင်းများတွင် တွေ့ရပါသည်။

ကိုဗစ်-၁၉ ရောဂါသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ၏ ကိုယ်တွင်းသို့ ဝင်ရောက်လာပြီး လူ၏ အသက်ရှူလမ်းကြောင်းကို တိုက်ခိုက်အန္တရာယ်ပြုပါသည်။ ထိုသို့အန္တရာယ်ပြုခံရပြီဆိုလျှင် ခံစားရသည့်ဝေဒနာပြင်းထန်လေ့ရှိ၏။ အချို့သော မူလရောဂါအခံရှိသူများဆိုလျှင် အသက်အန္တရာယ်ကို ထိခိုက်ဆုံးရှုံးရသည်ထိ ဖြစ်လေ့ရှိသည်။ ထိုသို့ရောဂါဖြစ်ပွားပြီ၊ ဗိုင်းရပ်စ်ပိုး၏ တိုက်ခိုက်မှုကို ခံရပြီဆိုလျှင် ကုသရန်အတွက် တိကျသေချာသော ဆေးဝါးများ မပေါ်ပေါက်သေး။

နိုင်ငံတကာ ဆေးသုတေသနအဖွဲ့ကြီးများနှင့် ဆေးကုမ္ပဏီတို့ ပူးပေါင်းပြီး ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုမူ ထုတ်လုပ်လာနိုင်ပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ထိုကာကွယ်ဆေးများကို စတင်အသုံးပြုထိုးနှံနိုင်ပြီဖြစ်ကြောင်း အတည်ပြုပေးခဲ့ပြီဖြစ်သည့်အတွက် နိုင်ငံအချို့တွင် စတင်ထိုးနှံနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း ထိုကဲ့သို့ အဦးအစပိုင်းတွင် စတင်ကာကွယ်ဆေးထိုးနှံနိုင်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ရောဂါပြန့်ပွားမှုနှုန်း အလွန်မြန်ဆန် များပြားနေသည့်အတွက် အရေးပေါ်စမ်းသပ်စစ်ဆေးထုတ်လုပ်ရသည်ဖြစ်ရာ၊ နိုင်ငံတစ်ခုလုံးရှိ ပြည်သူလူထုအားလုံးကို ခြုံငုံထိုးနှံနိုင်မည့် အနေအထားမရှိသေး။ မြန်မာနိုင်ငံက နည်းပညာနှင့် ငွေကြေး မြင့်မားသည့် နိုင်ငံတစ်ခုလည်း မဟုတ်သေးသည့်အတွက် ယခုကဲ့သို့ စတင်ထိုးနှံနိုင်ဖို့ဆိုသည်ကပင် လွယ်ကူလှသည် မဟုတ်ပါ။ စီစဉ်ပြင်ဆင် စီမံခန့်ခွဲသည့် နိုင်ငံတော်အစိုးရ၏ ကြိုတင် မြော်မြင်အားထုတ်နိုင်မှု၊ ဝါယမစိုက်ထုတ်မှု အင်အားတို့ကြောင့်သာ ယခုလို ဆောလျင်စွာ စတင်ထိုးနှံနိုင်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ စိုက်ထုတ်မှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် လိုအပ်သမျှ ကာကွယ်ဆေးများကို ဝယ်ယူရရှိနိုင်ရန် ပြင်ဆင်သဘောတူထားပြီးဖြစ်သော်လည်း ကမ္ဘာလုံးအတိုင်းအတာဖြင့် လိုအပ်သမျှကို ထုတ်လုပ်နိုင်မှု မရှိသေးသည့်အတွက် နိုင်ငံသားပြည်သူအားလုံးအတွက် ခြုံငုံမိနိုင်ရန် အချိန်ကာလတစ်ခု စောင့်ဆိုင်းကြရမည် ဖြစ်ပါသည်။

ထို့ပြင် ကာကွယ်ဆေး၏ အာနိသင်နှင့် မည်မျှလောက် အချိန်ကြာမြင့်သည်ထိ ထိရောက်စွာ ကာကွယ်နိုင်မည်ဆိုသည်ကိုလည်း ယတိပြတ်ပြောဆိုရန် ခက်ခဲနေဆဲဖြစ်ပါသည်။ သည့်အတွက် နိုင်ငံတကာတွင်လည်း ကာကွယ်ဆေးထိုးပြီးသည်နှင့် လုံးဝစိတ်ချရပြီဟုဆိုကာ ကျန်းမာရေးဆိုင်ရာ အခြေခံကာကွယ်ရေးစည်းမျဉ်းများကို လျစ်လျူရှုထားရန် မသင့်သေးကြောင်း ကြေညာထားပါသည်။

မြန်မာနိုင်ငံတွင် ပိုးကူးစက်မှုနှုန်း တဖြည်းဖြည်း ကျဆင်းလာနေပြီဖြစ်ပါသည်။ ယင်းသို့ ကျဆင်းလာနေမှုကို ဆက်လက်ထိန်းသိမ်းထားကြရန်လိုပါမည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံကြီးများတွင် ကာကွယ်ဆေး စတင်ထိုးနှံနေသည့်ကြားမှ မျိုးဗီဇပြောင်းဗိုင်းရပ်စ်ပိုး၏ ပျံ့နှံ့မှုမြန်ဆန်မှုကြောင့် ကူးစက်ပြန့်ပွားနှုန်း များပြားနေဆဲဖြစ်သည်ကို သတိပြုသင့်ပါသည်။

အချုပ်ကိုဆိုရလျှင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုက ရှိနေဆဲဖြစ်၏။ လူတိုင်း ကာကွယ်ဆေး ထိုးနှံနိုင်ရန် ချက်ချင်းမဖြစ်နိုင်သေးသော်လည်း ကာကွယ်ထိန်းချုပ်နိုင်သည့် အနေအထားတစ်ခုတွင် ရှိနေပါ၏။ ယင်းအတွက် ပြည်သူလူထုသည် စိုးရိမ်လွန်ပူပန်မှုဖြစ်ရန်မလိုအပ်သော်လည်း သတိကြီးကြီးဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးအခြေခံစည်းမျဉ်းများဖြစ်သည့် လက်ကိုမှန်မှန်နှင့် စနစ်တကျဆေးရန်၊ လူစုလူဝေးရှောင်ရန်၊ လူချင်းဆက်ဆံရာတွင် ခြောက်ပေကွာမှာနေရန်၊ အပြင်ထွက်လျှင် နှာခေါင်းနှင့် ပါးစပ်စည်း၊ မျက်နှာဖုံးအကာများ တပ်ဆင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် ဇန်နဝါရီ ၂၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိ လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မည်သည့်လုပ်ငန်းမဆို ရန်လိုလားသည့်စိတ်ကို ပယ်ဖျက်၍ အကောင်းမြင်စိတ်နှင့် မေတ္တာ၊ စေတနာထားပြီး လုပ်ဆောင်မှသာ အောင်မြင်ကြီးပွားမည်ဖြစ်ကြောင်း သရုပ်ဖော် တင်ဆက်ထားသည့် “မေတ္တာဖျန်းမှ” မျက်နှာဖုံးကာတွန်း၊ ပြာသိုလတွင် ကျင်းပသော မြင်းခင်းသဘင်ပွဲ အကြောင်းကို ကလေးတို့ ဗဟုသုတ တိုးပွားစေရန် တင်ဆက်ထားသည့် “ပြာသိုလနှင့် မြင်းခင်းသဘင်” သုတ ဆောင်းပါးကဏ္ဍ၊ ကလေးများကို ဉာဏ်ရည်ထက်မြက်စေနိုင်သည့် မိမိတို့စိတ်ကြိုက်အရောင်များ ရွေးချယ်ပြီး ခြယ်သနိုင်ရန် ရုပ်ပုံနှင့်တကွ တင်ဆက်ထားသည့် “ဆေးရောင် လှလှ ခြယ်ကြမယ်” ဉာဏ်စမ်းကဏ္ဍ၊ ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်များ ဆက်လက်ပျံ့နှံ့လျက်ရှိနေသဖြင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို မမေ့မလျော့လိုက်နာကြရန် လိုအပ်ကြောင်း တင်ဆက်ထားသည့် “ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်” သုတ ဆောင်းပါးကဏ္ဍ၊ ကိုယ်ချင်းစာတရား ထားရှိရန် လိုအပ်ကြောင်း ဟာသဖြစ်ဖွယ် ပညာပေးတင်ဆက်ထားသည့် “ဘေဘီဗွတ်ကလုံ” တစ်မျက်နှာ ကာတွန်း၊ ပျားရည်ဖြစ်ပေါ်လာပုံနှင့် အဆင့်ဆင့်ကို ပညာပေးတင်ဆက်ထားသည့် “ထူးဆန်းတဲ့ ပျားရည်” ပုံပြင်၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ အင်္ဂလိပ် စာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်






# ပြည်သူသာလျှင် အဓိက

◆ *ရှေ့ဖုံးမှ*

အထိုးခံလိုက်ရတဲ့ ကျန်းမာရေးဝန်ထမ်းတွေထဲမှာဆိုရင် သုံးပုံတစ်ပုံလောက်ကတော့ နည်းနည်းကိုက်ခဲတာတွေ၊ ချမ်းသလိုလိုဖြစ်တာတွေ၊ အဖျားရှိသလိုလို နည်းနည်းဖြစ်တာတွေကို ၁၂ နာရီလောက် ကြာတဲ့အခါကျတော့ ဖြစ်လာပါတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဆိုးဆိုးရွားရွားကြီး မဟုတ်ပါဘူး။ ခဏပါပဲ။ နောက်တော့ ကောင်းသွားပါတယ်။

ဒါကတော့ ကာကွယ်ဆေးတွေဆိုရင် ဖြစ်တတ်ပါတယ်။ ဥပမာဆိုရင် သာမန်တုပ်ကွေးပေါ့။ ကာကွယ်ဆေးထိုးရင်လည်း ဒီလိုပဲဖြစ်တတ်ပါတယ်။ အကိုက်အခဲလေးတွေပေါ့။ ကြွက်သားတွေက ကိုက်တယ်၊ ခဲတယ်၊ နည်းနည်းချမ်းချင်တယ်၊ တုန်ချင်တယ်၊ ဖျားသလိုလိုဖြစ်ချင်တယ်ပေါ့။ ဒါတွေကလည်း ရှိပါလိမ့်မယ်။ အခုထိတော့ ကျွန်မတို့ ဆိုးဆိုးရွားရွား ဘာမှမတွေ့ရပါဘူး။ အဲ့ဒါကြောင့် ဆက်ပြီးတော့လည်း ကျွန်မတို့ ဒီအစီအစဉ်ကို စနစ်တကျလုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်မ ခဏခဏ သတိပေးနေတာ။ ခဏခဏသတိပေးရတာကလည်း နည်းနည်းနားငြီးမလားတော့မသိဘူး။ ဒါပေမယ့် မမေ့အောင်လို့ ခဏခဏသတိပေးတာက ဒါက ပထမထိုးခြင်းပါပဲ။ နှစ်ကြိမ်ထိုးပါမယ်။ နှစ်ကြိမ်ထိုးပြီးမှသာ ဒီဟာက ကာကွယ်မှုရသွားပြီလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ နှစ်ကြိမ်ဆိုတော့၊ ဒီနှစ်ကြိမ်ကြားထဲမှာ ၄ ပတ်ပေါ့။ ၂၈ ရက်။ အခုမနေ့ကထိုးတဲ့သူတွေဆိုရင် နောက်လ ၂၄ ရက်နေ့မှာထင်တယ် ပြန်ထိုးရမယ်။ အဲဒါဆိုရင်တော့ ၄ ပတ်ပြည့်သွားပြီ။ အဲဒါပြီးမှ အကာအကွယ်ရပြီလို့ ကျွန်မတို့ သတ်မှတ်လို့ရမှာပါ။

ကျွန်မတို့ ကာကွယ်ဆေးတွေရရှိရေးကတော့ ပေးတဲ့နိုင်ငံတွေပေါ်မှာ အများကြီးတည်ပါတယ်။ ကျွန်မတို့ဝယ်နေတာလည်းရှိတယ်။ လှူမယ့်သူတွေကလည်း လှူမယ့်ဟာတွေရှိတယ်။ ဒါပေမယ့်လည်း ဟိုဘက်ကပေးနိုင်မှပဲ ကျွန်မတို့ကရမှာပါ။ ဒါပေမယ့် ပုံမှန်ပေါ့ တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ တစ်လပြီးတစ်လ၊ တစ်လပြီးတစ်လ ဆက်ပြီးတော့ ပြည်သူတွေအားလုံးကို ကာကွယ်ဆေးထိုးပေးနိုင်မယ်လို့ ကျွန်မတို့ခန့်မှန်းထားပါတယ်။ အဲဒါအတွက် အစီအစဉ်တွေလည်း လုပ်ထားပါတယ်။ တစ်ချိန်တည်းမှာလည်း ကျွန်မတို့က ကိုဗစ်ကာကွယ်တယ်ဆိုတာကို ကိုဗစ်ရဲ့ ရန်ကို ကာကွယ်တယ်ဆိုတာဟာ ရောဂါတစ်ခုတည်းတင် ကာကွယ်ရတာမဟုတ်ပါဘူး။ သူ့ရဲ့အကျိုးဆက်တွေပေါ့။ အထူးသဖြင့် စီးပွားရေးအကျိုးဆက်တွေ။ ကျွန်မတို့ပြည်သူတွေရဲ့ ဘဝအပေါ်မှာ ထိခိုက်မှုတွေရှိနိုင်တဲ့ စီးပွားရေးအကျိုးဆက်တွေကို ကျွန်မတို့ ကြည့်ရပါတယ်။

အဲဒါနဲ့ပတ်သက်ရင် ကျွန်မတို့နိုင်ငံတော်ကနေပြီးတော့ ကိုဗစ်နဲ့ပတ်သက်ပြီး ပြည်သူတွေကို ထိခိုက်မှုမရှိအောင်လို့ တတ်နိုင်သမျှပံ့ပိုးတဲ့ ငွေပမာဏဟာဆိုရင် အခုဆိုရင်တော်တော်များလာပါပြီ။ အကြမ်းဖျင်းအားဖြင့်ဆိုရင် ချေးငွေထဲကဆိုရင် ဘီလီယံတစ်ထောင်ကျော်ပေါ့။ ဘီလီယံတစ်ထောင်ကျော် နောက်ပြီးတော့ရွှေ့ပြောင်းရန်ပုံငွေထဲကဆိုရင် ဘီလီယံတစ်ထောင်ကျော်၊ နောက်ပြီးတော့ ကျွန်မတို့ သဘာဝဘေးအန္တရာယ်အတွက်ကဆိုရင် ဘီလီယံငါးဆယ်ကျော် အားလုံးဆိုရင် ဘီလီယံနှစ်ထောင့်ခြောက်ရာကျော် သုံးခဲ့ပြီး ဖြစ်ပါတယ်။ လိုအပ်သလိုလည်း ဆက်ပြီးတော့ သုံးသွားမှာပါ။ လိုအပ်သလိုလည်း ကျွန်မတို့ရဲ့ စီးပွားရေးပြန်လည်ပြီးတော့ ပုံမှန်လည်ပတ်ဖို့အတွက် ကျွန်မတို့လုပ်သွားမှာဖြစ်ပါတယ်။ မနေ့တုန်းက ကျွန်မသွားပြီးတော့ ဆေးထိုးတဲ့အစီအစဉ်ကို ကြည့်တဲ့အခါကျတော့ ကျွန်မ အင်မတန်မှ ဝမ်းသာပါတယ်။ ဝမ်းသာတယ်ဆိုတာဟာ စနိုင်လို့ပေါ့။ ဒီကာကွယ်ဆေးထိုးပေးတဲ့ အစီအစဉ်စနိုင်လို့၊ ဒါဟာ ကျွန်မတို့တစ်နိုင်ငံလုံးကိုစပြီးတော့ ကာကွယ်တာပဲ။ ကျန်းမာရေးဝန်ထမ်းတွေကနေစပြီးတော့ အဲဒါအတွက်လည်း ဝမ်းသာတယ်။ နောက်ပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း ကျွန်မတို့ တစ်နည်းတစ်ဖုံအားဖြင့် သူတို့ရဲ့လုပ်ဆောင်ချက်တွေကို အသိအမှတ်ပြုတာ ကျေးဇူးတင်တဲ့သဘောလည်းဖြစ်ပါတယ်။ ပထမဦးဆုံး ဦးစားပေးပြီးတော့ ထိုးပေးတယ်ဆိုတာ ဒီကျန်းမာရေးဝန်ထမ်းတွေက ဘယ်လောက် ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် ဒီအချိန်မှာအဓိကကျလဲဆိုတာကို အဲဒါကိုလည်း အသိအမှတ်ပြုရာ ရောက်တယ်ဆိုတော့။ ကျေးဇူးတင်တယ်ဆိုတာ ပါးစပ်နဲ့ ပြောရတာတော့ လွယ်တာပေါ့။ စကားနဲ့ပြောတာကတော့ ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်ဆိုပြီး ပြောရတာလွယ်ပါတယ်။ အခုကျတော့ ကျွန်မတို့က လုပ်ရပ်နဲ့ပြနိုင်တဲ့အတွက် အင်မတန်မှ ကျေနပ်ပါတယ်။ ဒီအချိန်မှာလည်း ဒီအခွင့်ကောင်းယူပြီးတော့ ရှေ့တန်းကနေ ကျန်းမာရေးဝန်ဆောင်မှုတွေပေးနေတဲ့ ဝန်ထမ်းတွေရော၊ စေတနာ့ဝန်ထမ်းတွေရော အားလုံးကို ကျေးဇူးတင်တယ်လို့ ထပ်ပြီးတော့ပြောပါရစေ။

> “ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ ကိုဗစ်နဲ့ပတ်သက်ပြီး ပြည်သူတွေကို ထိခိုက်မှု မရှိအောင်လို့ တတ်နိုင်သမျှပံ့ပိုးတဲ့ ငွေပမာဏဟာဆိုရင် အခုဆိုရင် တော်တော်များလာပါပြီ။ အကြမ်းဖျင်းအားဖြင့်ဆိုရင် ချေးငွေထဲကဆိုရင် ဘီလီယံတစ်ထောင်ကျော်ပေါ့။ ဘီလီယံတစ်ထောင်ကျော် နောက်ပြီးတော့ ရွှေ့ပြောင်းရန်ပုံငွေထဲကဆိုရင် ဘီလီယံတစ်ထောင်ကျော်၊ နောက်ပြီးတော့ ကျွန်မတို့ သဘာဝဘေးအန္တရာယ်အတွက်ကဆိုရင် ဘီလီယံငါးဆယ်ကျော် အားလုံးဆိုရင် ဘီလီယံနှစ်ထောင့်ခြောက်ရာကျော် သုံးခဲ့ပြီး ဖြစ်ပါတယ်။ လိုအပ်သလိုလည်း ဆက်ပြီးတော့သုံးသွားမှာပါ။ လိုအပ်သလိုလည်း ကျွန်မတို့ရဲ့ စီးပွားရေးပြန်လည်ပြီးတော့ ပုံမှန်လည်ပတ်ဖို့အတွက် ကျွန်မတို့လုပ်သွားမှာ ဖြစ်ပါတယ်”

ကျွန်မတို့ ပြည်သူတွေကိုလည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအထိပေါ့။ တစ်ဆင့်ပြီးတစ်ဆင့် ဒီကိုဗစ်ကို ရင်ဆိုင်ပြီးတော့ ကျော်လွှားခဲ့တာဆိုတာ ပြည်သူသာအဓိကဆိုတာ ကျွန်မ ထပ်တလဲလဲ ပြောပါတယ်။ ပြည်သူမပါဘဲနဲ့ ဘာမှအောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ အခု ကျွန်မတို့ဟာ ကိုဗစ်ကို ထိန်းချုပ်တဲ့နေရာမှာလည်း တဖြည်းဖြည်း တိုးတက်လာပြီ။ နည်းနည်းတော့ နှေးတယ်လို့ ကျွန်မ ခံယူမိတယ်။ အခု ၄၀၀ နားမှာ တစ်နေတာလည်း နည်းနည်းကြာသွားပြီ။ ဟိုတစ်နေ့ကတော့ ၃၀၀ ကျော်အထိ ကျသွားပြီး နောက်တစ်ခါ ၄၀၀ ကျော် ပြန်တက်လာတယ်ပေါ့။ အဲဒီလိုပဲ တက်ပြီးတော့မှ တဖြည်းဖြည်းကျသွားမယ့် သဘောရှိပါတယ်။ ဒီဟာကို ထိန်းသိမ်းထားဖို့တော့ လိုပါတယ်။ အခု ကျွန်မ အထူးသဖြင့် ရန်ကုန်ကပြည်သူတွေကို နည်းနည်းအားပေးစကား ပြောချင်တာက ရန်ကုန်ကျလာတယ်။ ရန်ကုန်ကျလာတာလည်း ကျွန်မတို့အတွက် အင်မတန်မှ စိတ်သက်သာရာရပါတယ်။ ရန်ကုန်မှာ လူဦးရေလည်း ထူထပ်တယ်။ လူဦးရေထူထပ်ပြီးတော့ ကူးလွယ်တဲ့အခြေအနေတွေရှိတဲ့အခါကျတော့ အခု ရန်ကုန်မှာ ကျလာပြီဆိုတော့ ဒါဟာ ကျွန်မတို့အတွက် အားတက်စရာပဲ။

ဒါပေမယ့် ဒါကို ထိန်းထားဖို့လိုပါတယ်။ အဲဒီတော့ ကျွန်မထပ်ပြီးတော့ သတိပေးပါရစေ။ ထိန်းထားဖို့ဆိုတာ နှာခေါင်းစည်းတပ်ရမယ်။ လက်မှန်မှန်ဆေးရမယ်။ လူစုလူဝေးဖြစ်အောင်မနေရဘူး။ ခပ်ခွာခွာပေါ့။ ၆ ပေဆိုတော့ ပြောသာပြောရတယ်။ မနေ့တုန်းက ကျွန်မ ဆေးထိုးတဲ့အစီအစဉ်သွားပြီး ကြည့်တဲ့အခါကျတော့ ၆ ပေခွာပြီး ရပ်နေတာ သိပ်မရှိကြဘူး။ တချို့တွေဆိုရင် အထူးသဖြင့် မီဒီယာသမားတွေကိုတော့ ပြောရမှာက မီဒီယာသမားတွေက ၆ လက်မတောင်မကွာဘူး။ တစ်ခါတည်းပွတ်သိပ်နေတာပဲ။ အဲဒီတော့ အဲဒီလိုဟာတွေက ကူးနိုင်ပါတယ်ဆိုတာ ကျွန်မ သတိပေးချင်ပါတယ်။ အထူးသဖြင့် ကာကွယ်ဆေးပထမအပိုင်းထိုးပြီးတဲ့ ပြည်သူတွေကို အထူးသတိထားစေချင်ပါတယ်။ ပထမထိုးပြီးတော့ ဒီကြားထဲမှာ ကူးမယ်ဆိုရင် အများကြီး အများကြီး နှမြောစရာကောင်းပါတယ်။ ပထမထိုးထားတဲ့ဆေးဟာ အဟောသိကံ ဖြစ်သွားမှာပါ။ နောက်ပြီးတော့ ဒီဆေးတွေရရှိဖို့အတွက်ဆိုတာ နိုင်ငံတော်အတွက် ကုန်ကျစရိတ်ကလည်း အရေးကြီးတယ်။ ဒါပေမယ့်လည်း ရနိုင်ခြေကလည်း ခက်ခဲတယ်ဆိုတော့ ဒါဟာ အဖိုးတန်တဲ့ ထိုးဆေးတွေပဲ ဖြစ်ပါတယ်။ အဖိုးတန်တဲ့ ထိုးဆေးဆိုတော့ တစ်လုံးမှကို ကျွန်မတို့က အဖိတ်အစဉ် မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ပြည်သူတွေအနေနဲ့ အဲဒါတော့ သတိထားစေချင်ပါတယ်။ နောက် ကျွန်မတို့ လူဦးရေထူထပ်တဲ့နေရာတွေပေါ့။ Stay At Home ရောဂါလည်း ပြန့်ပွားမှုများတဲ့နေရာတွေကို ဦးစားပေးပြီးတော့ အစီအစဉ်လိုက်ပေါ့၊ ဦးစားပေးရမယ့်သူတွေကို စပြီး အစီအစဉ်လိုက် ကျွန်မတို့ ဆက်ဆက်ပြီးတော့ လုပ်သွားဖို့ ကျွန်မတို့ ဆောင်ရွက်သွားမှာပါ။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်စေချင်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့ နိုင်ငံအတွက်၊ ကျွန်မတို့နိုင်ငံရဲ့ လုံခြုံရေးအတွက်လုပ်နေတာပဲ။ ပြည်သူတွေ ကျန်းမာမှ၊ ပြည်သူတွေချမ်းသာမှ နိုင်ငံကလုံခြုံမယ်။ နိုင်ငံကတိုးတက်မယ်။ အဲဒီတော့ အခုလို ကာကွယ်ဆေးထိုးရပြီဆိုတော့ ကျန်းမာရေးအတွက် ကောင်းရုံတင်မကဘူး။ စိတ်လည်းသက်သာကြတာပေါ့။ အဲဒါကြောင့်မို့ အားလုံးဝိုင်းဝန်းပြီးတော့ ဒီကာကွယ်ဆေးထိုးတဲ့အစီအစဉ် အောင်မြင်ဖို့အတွက် ကူညီကြပါ။ ပူးပေါင်းကြပါ။ ပြည်သူတွေသာ အဓိကဆိုတာကို ဘယ်တော့မှမမေ့ပါနဲ့။ ကျွန်မတို့ ပြည်သူတွေ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



## ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

ဘားအံ ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ် လက္ခဏကျေးရွာအုပ်စု အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးငယ်များအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)အတွက် MCCT ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က လက္ခဏကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။ (ဝဲပုံ)

လက္ခဏကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင် ၁၂ ဦးနှင့် အသက် နှစ်နှစ်အောက် ကလေးငယ် ၆၁ ဦးတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၃၀၄၅၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပါရိုဘုန်းတော်ကြီးကျောင်း၌ လှာကမြင်ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင် မိခင် ၁၄၁ ဦးနှင့် အသက် နှစ်နှစ်အောက်ကလေးငယ် ၄၃၀ အတွက် ထောက်ပံ့ငွေကျပ် ၂၄၄၆၅၀၀၀ ကို ထောက်ပံ့ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

※ ကျောဖုံးမှ

ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းပြီး ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများ ကျင်းပလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးသည် (၁၃)ကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးလည်း ဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

ယခင်ကျင်းပခဲ့သည့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကော်မတီ၏လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရေဆိုင်ရာပြဿနာများ ဖြေရှင်းမှုတို့အတွက် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်မိုးတွင်းကာလ၌ တွေ့ကြုံရလေ့ရှိသည့် ရေကြီးရေလျှံမှုအန္တရာယ် လျော့ပါးသက်သာရေးနှင့် နွေရာသီ၌ ကြုံတွေ့ရလေ့ရှိသည့် ရေရှားပါးမှုအခက်အခဲများ ဖြေရှင်းရေးတို့အတွက်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုနှစ် နွေရာသီကာလတွင်လည်း ယခင်နှစ်များကဲ့သို့ သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးမှုပြဿနာများ လျော့ပါးသက်သာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

ကော်မတီက ဆောင်ရွက်ရမည့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ မြစ်ဝှမ်းဒေသများ၌ တရားမဝင်ရွှေနှင့် အခြားဓာတ်သတ္တုများ၊ အဖိုးတန်ကျောက်မျက်ထုတ်လုပ်မှုများ၊ တရားမဝင် ကျောက်စရစ်နှင့် သဲထုတ်လုပ်မှုများ တားဆီးထိန်းချုပ်ရေး၊ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရေး၊ ရေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး၊ မြစ်ချောင်းများ၊ ကန်များစသည့် ရေအရင်းအမြစ်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ ရေဆိုးများစွန့်ပစ်မှုအပေါ် စောင့်ကြည့်ထိန်းချုပ်ရေးနှင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီဖွဲ့စည်းပြီးနောက် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို ၂၀၁၇ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယင်းညီလာခံက ထုတ်ပြန်ခဲ့သည့် "ရန်ကုန်ကြေညာစာတမ်း" ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ၂၀၁၈ ခုနှစ် မတ်လအတွင်း ဘရာဇီးနိုင်ငံ၌ ကျင်းပသည့် (၈) ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တွင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် World Water Day Logo တွင် မြန်မာနိုင်ငံရှိ အင်းလေးကန်တွင် လှေလှော်နေသည့်ပုံကို ဂုဏ်ပြုသတ်မှတ်ဖော်ပြခံခဲ့ရပါကြောင်း။

ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကိုလည်း နှစ်စဉ်ကြီးမှူးကျင်းပခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်။
သတင်းစဉ်

ကမ္ဘာအနှံ့ ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ အခြေအနေအရ အခမ်းအနားကျင်းပမည့် အစီအစဉ်ကို ရုပ်သိမ်းခဲ့ရပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၂ အထိမ်းအမှတ်အခမ်းအနားကို ကိုဗစ်-၁၉အခြေအနေအပေါ် မူတည်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့

ကော်မတီအနေဖြင့် "အမျိုးသား ရေဥပဒေ" နှင့် "အမျိုးသား ရေအရင်းအမြစ် ကော်မတီဥပဒေ" များကို ပြုစုရေးဆွဲလျက်ရှိပါကြောင်း၊ အကြံပေးအဖွဲ့က ပြုစုပြီးဖြစ်သည့် အမျိုးသားရေဥပဒေ(မူကြမ်း)ကို Water Law Task Force အဖွဲ့မှ အဖွဲ့ဝင်များ၊ အမျိုးသားရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ ရေနှင့်သက်ဆိုင်သူများပါဝင်သည့် အမျိုးသားရေဥပဒေ(မူကြမ်း) ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ် ကျင်းပခဲ့ပြီး မူကြမ်းတည်းဖြတ်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ အမျိုးသားရေအရင်းအမြစ်ကော်မတီဥပဒေ (မူကြမ်း)ကိုလည်း ရေနှင့်ဆက်နွှယ်သည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များနှင့်အညီ ပြုစုပြီးပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြန်အလှန်ညှိနှိုင်းကာတည်းဖြတ်ပြင်ဆင်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### သောက်သုံးရေအဖြစ် အသုံးပြုနေ

တစ်နိုင်ငံလုံး ရေရရှိမှုအခြေအနေနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ (အနိမ့်ဆုံး) သောက်သုံးရေဝန်ဆောင်မှုမှ ရရှိသောရေကို သောက်သုံးရေအဖြစ် အသုံးပြုနေကြပါကြောင်း၊ ၎င်းတို့အနက် အိမ်ထောင်စုအားလုံး၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည် သန့်ရှင်းပြီးဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုမှ ရယူအသုံးပြုနေသည်ကို သိရှိရပါကြောင်း၊ သန့်ရှင်းပြီးဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုကို ရယူသုံးစွဲမှုမှာ မြို့ပြ၌ ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက်၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းရှိပါကြောင်း၊ မြို့ပြအိမ်ထောင်စုအားလုံး၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသာ မြေပေါ်ရေဖြစ်သည့် မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေ၊ တူးမြောင်းရေနှင့် ရေသွယ်မြောင်းရေတို့ကို သောက်သုံးရေ အဖြစ် အသုံးပြုသော်လည်း ကျေးလက်၌ ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် မြေပေါ်ရေကို သောက်ရေအဖြစ် အသုံးပြု နေကြောင်းကို ကြားဖြတ်သန်းခေါင်စာရင်းအရ သိရှိရပါကြောင်း။

ထို့ကြောင့် မြို့ပြနှင့်ကျေးလက်ဒေသများ၌ နိုင်ငံသားအားလုံးသန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိရေး၊ ရေရှားပါးသည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၊ တောင်ပေါ်ဒေသများ၊ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများ၌ မိုးရေခံ စုဆောင်းသိုလှောင်မှု၊ မြေပေါ်ရေ သန့်စင်ပေးဝေမှုနှင့် မြေအောက်ရေ ထုတ်ယူသုံးစွဲမှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### စုစည်းကောက်ယူရန် လိုအပ်ဆဲဖြစ်

ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၌ တစ်နိုင်ငံလုံးရေပေးဝေမှုနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာ လုပ်ငန်းအလိုက် စံသတ်မှတ်မှုအချက်အလက်များ၊ နေအိမ်များ၊ စက်ရုံများနှင့် အဆောက်အဦများတွင် မိုးရေခံစုဆောင်းမှုစနစ်ဆိုင်ရာ အချက်အလက်များ၊ မြေပေါ်မြေအောက်ရေပမာဏနှင့် ထုတ်ယူသုံးစွဲမှုဆိုင်ရာ အချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စုစည်းကောက်ယူရန် လိုအပ်ဆဲဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် အချက်အလက်များစုစည်း၍ စနစ်တကျညှိနှိုင်းပြုစုထားစေလိုပါကြောင်း၊ အဆိုပါ အချက်အလက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် မြို့ပြနှင့် ကျေးလက်ဒေသများ၌ ရေပေးဝေမှု၊ ရေဆိုးစွန့်ပစ်မှုများနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များ သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၌ ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကယားပြည်နယ်အတွင်းရှိ သံလွင်မြစ်သောင်ထွန်းမှု၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်ငယ်ချောင်းငယ်များတွင် ရေကြီးမှု၊ ရေလျှံမှုနှင့် ကမ်းပြိုမှုအခြေအနေများ၊ ရခိုင်ပြည်နယ် ဆတ်ရိုးကျချောင်း တိမ်ကောလာမှု၊ သံတွဲမြစ်အဝင် သဲနုန်းသောင်တူးဖော်မှု၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်း အကောင်အထည်ဖော်ဆောင်မှု၊ System Information Data Center အချိန်မီတည်ဆောက်နိုင်ရေး၊ မန္တလေး - ရန်ကုန် ရေလမ်းကီလိုမီတာ (၁၀၀၀) အတွက် Electronic Navigation Charts ဆိုင်ရာ ကိစ္စရပ်နှင့် သန့်စင်သော သောက်သုံးရေရရှိရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခုန်းဝင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ နေပြည်တော်ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုများ၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်မှုများ၊ ရေဝေရေလဲဒေသများနှင့် သဘာဝရေထွက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ရေအရည်အသွေး တိုင်းတာစစ်ဆေးမှု၊ စွန့်ပစ်ပစ္စည်းများ ဆယ်ယူခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သဘာဝသယံဇာတတူးဖော်မှုများကြောင့် ရေအရင်းအမြစ် ညစ်ညမ်းမှု လျော့ချရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆိုင်ရာ ကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ရေအရင်းအမြစ်ဆက်စပ်မှုများ၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအရင်းအမြစ် အသုံးချရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့မှုများ၊ ရေအရင်းအမြစ်နှင့်သက်ဆိုင်သည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် အခြေခံအဆောက်အအုံများ စီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေနှင့်ဆက်စပ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များအပေါ် ထောက်ပံ့ကူညီရေးနှင့် ရေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ချနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရေပေးဝေရေးနှင့် စနစ်တကျသုံးစွဲနိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ ရေကြီးရေလျှံမှုကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

### အထောက်အကူဖြစ်

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရေနှင့် ဆက်နွှယ်သည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေနှင့်ဆက်နွှယ်သည့် စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအိမ်ပုံစံများ ဝါးဖြင့်ဆောက်လုပ်မည့်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ အခြေခံသည့် အိမ်ပုံစံများအား ဝါးအိမ်လေးများဖြင့် ဆောက်လုပ်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝါးစိုက်ပျိုးရေးအသင်းနှင့် ဝင်းစိုက်ပျိုးရေးခြံတို့ ပူးပေါင်း၍ အမြန်လမ်း ၁၆ မိုင် ခြောက်ဖာလုံရှိ ဝင်းစိုက်ပျိုးရေးခြံတွင် ၁၂ ပေ ပတ်လည်ရှိ တိုင်းရင်းသားရိုးရာ ဝါးအိမ်များကို တစ်ဖွဲ့လျှင် လူ သုံးဦးမှ ငါးဦးထိပါဝင်သည့် အဖွဲ့များက ဝါးဖြင့် ဆောက်လုပ်ကြမည်ဖြစ်သည်။

တိုင်းရင်းသားရိုးရာအခြေခံသည့် ဝါးအိမ်လေးများ ဆောက်လုပ်ခြင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝါးစိုက်ပျိုးရေးအသင်းမှ ပညာရှင်များက အကဲဖြတ်ရွေးချယ်ကြမည်ဖြစ်သည်။ အကောင်းဆုံး တိုင်းရင်းသားရိုးရာပုံစံအိမ် ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများကို မှတ်တမ်းတင်ထားမည် ဖြစ်သည်။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြိုင်ပွဲဝင် ဦးရေ ၃၀ ထက်မပိုဘဲ ပြုလုပ်သွားမည်ဖြစ်သည်။

ဝင်းစိုက်ပျိုးရေးခြံ အထွေထွေမန်နေဂျာ ဦးကျော်ထွန်းဝင်းက နိုင်ငံတကာတွင် ဝါးဖြင့် ဆောက်လုပ်သည့် အိမ်များရှိကြောင်း၊ တိုင်းရင်းသားရိုးရာ အိမ်များကို ဝါးဖြင့်ဆောက်လုပ်နိုင်ကြောင်း၊ ဝါးဖြင့်ဆောက်လုပ်သည့်အိမ်များကို စွဲမက်လာစေရန်၊ ဝါးစိုက်ပျိုးစေရန်၊ ဝါးများကို ပြည်ပတင်ပို့နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တိုင်းရင်းသားရိုးရာအိမ်များကို ဝါးဖြင့်ဆောက်လုပ်ရာတွင် သေသပ်မှု ကိုယ်ပိုင်ဒီဇိုင်းကာလာနှင့် အတွင်းအပြင် ပြင်ဆင်မှု၊ ပုံစံလှပခြင်း၊ တောင့်တင်းခိုင်မာခြင်း၊ စနစ်ကျခြင်း၊ မတော်တဆအန္တရာယ်မဖြစ်နိုင်ခြင်းတို့ကိုအမှတ်ပေးသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲသည် ပထမဆုံးအကြိမ်ပြုလုပ်သည့်ပြိုင်ပွဲဖြစ်ပြီး နောင်တွင် ဝါးနှင့်ပတ်သက်သည့် အထိမ်းအမှတ်ပြိုင်ပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

❒ *ကျောဖုံးမှ*

findyourpollingstation.apk ကို Google play store တွင် Download ရယူပြီး မဲစာရင်းစစ်ဆေးနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် အထက်ပါမဲစာရင်းကို CD ဖြင့် (PDF) ဖိုင်ပုံစံ မြို့နယ်အလိုက် သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများထံ မဲစာရင်း မှန်ကန်ရေးအတွက် လိုအပ်သည်များ ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ဖြန့်ဝေပေးခဲ့ပါသည်။

၄။ ထို့နောက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ၊ မိမိမဲစာရင်းရှိရာဒေသသို့ ပြန်လည်မသွားရောက်နိုင်သူများ၊ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များ အစုအဝေး လိုက် ကျန်ရစ်သူများ (ရှိပါက) ထိုမဲစာရင်းတွင် ထပ်မံဖြည့်သွင်းနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များအတွက် သက်ဆိုင်ရာ တပ်ရင်း/ တပ်မှူးများထံမှ ပေးပို့လာသည့် မဲစာရင်းအတိုင်း စိစစ်မှု မရှိဘဲ မဲစာရင်းတွင် ထည့်သွင်းပြုစုပေးခဲ့ပါသည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ရွေးကောက်ပွဲကျင်းပရသည်ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ-၂၇ တွင် ပြဋ္ဌာန်းထားသည့် "ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်" ဟုလည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ-၅၄ တွင် "ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်" ဟုလည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ-၉၀ တွင် "ကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသဖြင့် လုပ်ပိုင်ခွင့်အာဏာအတွင်းမှ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းညွှန်ကြားချက်များ ထုတ်ပြန်တိုင်းတွင်လည်း မဲဆန္ဒရှင်များသို့ အသိပေးကြေညာခဲ့သကဲ့သို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့လည်း မိတ္တူပေးပို့ခဲ့ပါသည်။

၆။ ရွေးကောက်ပွဲစာရွက်စာတမ်းများ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲ မကျင်းပမီကာလများတွင် ဥပဒေနှင့်အညီ မိတ္တူကူးယူခွင့်ပြုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များသို့ အချိန်လုံလောက်စွာ ၃၀-၉-၂၀၂၀ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး မိတ္တူကူးယူခွင့် လျှောက်ထားခြင်းများကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းတွင် ရွေးကောက်ပွဲပုံစံ စာရွက်စာတမ်းများတွင် သက်ဆိုင်သူပုဂ္ဂိုလ်တို့၏ လက်ရေးလက်မှတ်များ၊ အမည်၊ အဘအမည်၊ အမိအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိနေရပ်လိပ်စာ၊ အမြဲတမ်းနေရပ်လိပ်စာ စသည့်ပုဂ္ဂိုလ်ရေး အချက်အလက်များ ပါဝင်နေသဖြင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ရသည့်အနေဖြင့် လျှို့ဝှက်အဆင့် သတ်မှတ်ကာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေါက်ကြားမှုမရှိစေရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လုံခြုံစွာ ထိန်းသိမ်းထားရပါသည်။

၇။ ကြိုတင်မဲကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်များက လက်မှတ်ရေးထိုး၍ ဆန္ဒမဲထုတ်ယူပြီး ဆန္ဒမဲပေးခဲ့သည့် တစ်ခုတည်းသော မဲဆန္ဒရှင်စာရင်းပုံစံ(၁) မူရင်းသည် ရွေးကောက်ပွဲကျင်းပပြီးနောက် မဲရုံမှူးက မဲရုံတွင် အသုံးပြုသော အခြားပုံစံစာရွက်စာတမ်းများနှင့် အတူ သတ်မှတ်ထားသည့်အတိုင်း အထုပ်သေး၊ အထုပ်ကြီးများပြုလုပ်၍ လုံခြုံစွာထုပ်ပိုးပြီး ချိပ်တံဆိပ် ရိုက်နှိပ်လျက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရပါသည်။ ယင်းတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လုံခြုံစွာထိန်းသိမ်းထားရပါသည်။

၈။ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များက ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာများ တင်ပြလျှောက်ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြသည့် ကန့်ကွက်လွှာအမှုပေါင်း (၂၈၇) မှုဖြစ်ပါသည်။ မဲဆန္ဒရှင်များက (၉၄) မှုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက (၁၉၃) မှုတို့ ဖြစ်ပါသည်။ ယင်းကန့်ကွက်လွှာများထဲတွင် ယခု အငြင်းပွားနေသော မဲစာရင်းကိစ္စများလည်း ပါဝင်ပါသည်။ ယင်းကန့်ကွက်လွှာအမှုများကို စစ်ဆေးကြားနာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များကို ဖွဲ့စည်းပေးထားပြီး ဖြစ်သည်။

၉။ ရွေးကောက်ပွဲခုံအဖွဲ့အသီးသီးက ဖော်ပြပါကန့်ကွက်လွှာအမှုများကို စစ်ဆေးကြားနာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကန့်ကွက်လွှာတင်သွင်းသူများအနေဖြင့် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများအတွက် ရွေးကောက်ပွဲခုံအဖွဲ့ထံတွင် တင်ပြခြင်း၊ တောင်းဆိုခြင်းများ ပြုနိုင်ပါသည်။ ရွေးကောက်ပွဲခုံအဖွဲ့က စစ်ဆေးပေါ်ပေါက်ချက်အရ လိုအပ်လျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုံခြုံစွာထိန်းသိမ်းထားသော မဲစာရင်းအပါအဝင် စာရွက်စာတမ်းပုံစံများကို နှစ်ဖက်အမှုသည်များရှေ့၌ ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

၁၀။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန်စစ်ဆေးမှု (Cross Check) ပြုလုပ်ခြင်းကြောင့် အသက်ကြီးလွန်းသူ၊ ငယ်လွန်းသူ၊ အသက်မပြည့်သူ၊ ကွယ်လွန်သူ၊ မဲစာရင်းထပ်နေသူ ရှိကောင်း ရှိမည်ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်များသည် တစ်နေ့တည်းတွင် မဲအကြိမ်ကြိမ်ပေးရန် မည်သို့မျှ စွမ်းဆောင်နိုင်မည် မဟုတ်ပါ။ ခရီးသွားရန် ကိုဗစ်-၁၉ ကာလ အခက်အခဲဖြစ်နေခြင်း၊ နယ်ကျော် မြို့ကျော် နေ့ချင်းပြီးသွား၍ မဲပေးနိုင်သည့်အခြေအနေ မရှိခြင်း၊ မဲတစ်ကြိမ်ပေးပြီးပါက တစ်ပတ်ခန့်အထိ မပျောက်ပျက်နိုင်သော ဆေးရည်မင်ဖြင့် လက်သန်း မင်တို့ခံထားရခြင်း၊ ဆန္ဒမဲ လက်မှတ်ရရှိရေးအတွက် မဲရုံအဖွဲ့ဝင်များထံတွင် အသင့်ရှိပြီးဖြစ်သည့် မဲစာရင်းတွင် ပါ မပါ၊ အမည်၊ အဘအမည်၊ အသက်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ စသည်ဖြင့် စစ်ဆေးခံရခြင်း စသည့် ကော်မရှင်အဖွဲ့ခွဲအသီးသီး၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါသည်။

၁၁။ နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေခြင်းကြောင့်လည်း မဲပေးပိုင်ခွင့် ဆုံးရှုံးရမည် မဟုတ်ပါ။ နိုင်ငံတော်တွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူ များပြားပါသည်။ ထို့ကြောင့် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေတွင် နိုင်ငံသားစိစစ်ရေးကတ် ရှိမှသာလျှင် မဲပေးခွင့်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မဟုတ်ဘဲ အသက်(၁၈)နှစ်ပြည့်သူဖြစ်လျှင် မဲစာရင်းတွင် ထည့်သွင်း ပေးရပြီး မဲပေးခွင့်ပြုရပါသည်။ အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်လျှင် နိုင်ငံသားတစ်ဦး၏ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မဲပေးခွင့်ပြုရပါသည်။

၁၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲ၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင်လည်း မဲစာရင်းအချက်အလက်များ အားနည်းခဲ့သည်ကို တွေ့ရှိခဲ့ကြပြီးဖြစ်ပါသည်။ ယခုရွေးကောက်ပွဲတွင်လည်း မဲစာရင်းချို့ယွင်းချက် အားနည်းချက်ကြောင့် မဲမသမာမှုအခြေအနေ မဖြစ်နိုင်ပါ။ မဲအနိုင်အရှုံးရလဒ်များသည် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များအတိုင်း မဲလာပေးသည့် မဲဆန္ဒရှင်များ၏ ဆန္ဒမဲလက်မှတ်အပေါ် အများပြည်သူရှေ့မှောက်တွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆန္ဒမဲလက်မှတ်ကို တစ်ရွက်ချင်း ထောင်ပြခြင်း၊ ရေတွက်ခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆) ဖြင့် ပြုစု၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခြင်း၊ မဲရုံတွင် ကပ်ထားခြင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ အသိသက်သေများက လက်မှတ်ရေးထိုးရခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရခြင်း စသည့်ဆန္ဒမဲရေတွက်ခြင်းနှင့် ရွေးကောက်ပွဲ အနိုင်အရှုံးကြေညာရခြင်း စသည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြရပြီး သဘောတူအတည်ပြုကြခြင်းဖြစ်ပါသည်။

၁၃။ ထို့အပြင် ယင်းသဘောတူအတည်ပြုသည့် ရလဒ်အတိုင်း မဲရုံအသီးသီး/ ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အများပြည်သူမြင်သာအောင် ချက်ချင်း ကပ်ထားကြေညာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ပြည်သူများကိုယ်တိုင် မဲပေးခဲ့သည့်အတိုင်း ဥပဒေနှင့်အညီ သမာသမတ်ကျစွာ ဆောင်ရွက်ခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်များကိုလည်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၄၀၂ အရလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ-၁၁ အရလည်းကောင်း၊ ရွေးကောက်ပွဲကိစ္စများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတော်အစိုးရတို့နှင့် နည်းလမ်းရှာပြီး ညှိနှိုင်းဖြေရှင်းပေးရန်၊ စုပေါင်းအဖြေရှာရန် မည်သည့်ဥပဒေကမျှ အာဏာအပ်နှင်းထားခြင်း မရှိပါ။ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် မဲဆန္ဒရှင်ပြည်သူလူထုက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအလိုက် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄ တွင် ပါရှိသည့် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်" ဟူသော နိုင်ငံတော်အခြေခံမူအရ မဲဆန္ဒရှင်ပြည်သူလူထု၏ ဆန္ဒသဘောထားကို ညှိနှိုင်းဖြေရှင်းပြီး အတိုးအလျှော့ အပေးအယူဖြင့် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းကမျှ ဥပဒေကျော်လွန်ကာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ ရသည့်ကိစ္စမျိုး မဟုတ်ပါ။ ဤသို့ ပြောင်းလဲမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သကဲ့သို့ မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကိုလည်း ဆန့်ကျင်ရာ ရောက်ပါသည်။

၁၅။ ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ရှိပါက နစ်နာသူများအနေဖြင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ကန့်ကွက်လွှာများတင်သွင်းခြင်း၊ ရွေးကောက်ပွဲခုံအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူခြင်းသာ ဥပဒေကပေးထားသော အခွင့်အရေးဖြစ်ပါသည်။ ရွေးကောက်ပွဲခုံအဖွဲ့များက လွတ်လပ်စွာ စစ်ဆေးကြားနာ အဆုံးအဖြတ်ပြုပြီးသည့်အခါ မကျေနပ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံ၊ ပြင်ဆင်မှုများ တင်သွင်းနိုင်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ဥပဒေနှင့်အညီ စစ်ဆေးကြားနာ ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တွံတေးတူးမြောင်း ဖြတ်ကျော် ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းအတွက် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

တွံတေးတူးမြောင်း ဖြတ်ကျော် ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းကို တွံတေးတူးမြောင်း မိုင်တိုင် ၉ ဒသမ ၅ မိုင်နှင့် ၁၀ မိုင်အကြားတွင် ဇန်နဝါရီ ၃၀ ရက် မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်၏ အထက်နှင့်အောက်ဘက်ရှိ တူးမြောင်းအတွင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ရေယာဉ်များဖြင့် စောင့်ဆိုင်းပြီး ရေလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။ တွံတေးတူးမြောင်းကို ဖြတ်သန်းမည့် ရေယာဉ်များသည် လုပ်ငန်းခွင်မှ လွတ်ကင်းရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ခွင့်ပြုမှသာ လုပ်ငန်းခွင်ကို ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းအသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၂၉) ကြိမ်မြောက် သွေးလှူ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရန်ကုန်မြို့နေ "စန်းမောင်မြင့် ဒါန ဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan) (လူမှုထူးချွန်-ပထမဆင့်) (ဆရာစောယွမ်း Freelance English Interpreter & Translator) သည် ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ၎င်းစည်းရုံးဆော်ဩစုစည်းထားသော အခြားသွေးလှူရှင် ၂၇၆ ဦးတို့နှင့်အတူ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ စေတနာ အလျောက် (၁၂၉) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။



**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တောင်တန်း – မြေပြန့် တန်းတူညီမျှ ပြည်ထောင်စုပန်းတိုင်

## မောင်ငြိမ်းအေး

**မျက်မှောက်ကာလ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အန္တိမရည်မှန်းချက်ပန်းတိုင်မှာ အေးချမ်းသာယာပြီး တိုးတက်အောင်မြင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာစွာ တည်ဆောက်ရေးပင်ဖြစ်သည်။ ဤပန်းတိုင်သည် တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်ချက် ပန်းတိုင်လည်းဖြစ်သည်။ ပန်းတိုင်သို့ တက်လှမ်းနိုင်ရေးအတွက် လိုအပ်ချက်များမှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရှင်သန်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် ပြောင်းလဲသင့်သည်တို့ကို ပြုပြင်ကြရမည်ဖြစ်သည်။**

မျှော်မှန်းထားသည့် ပြည်ထောင်စုပန်းတိုင်သည် (၂၁) ရာစုခေတ် ပြည်ထောင်စုကြီး၏ ပကတိလိုအပ်ချက်ဖြစ်၍ ပန်းတိုင်သို့ တက်လှမ်းနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။ (၂၀) ရာစုခေတ်က ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းကြရာ၌ တောင်တန်း – မြေပြန့် တန်းတူညီမျှ အခွင့်အရေးရရေးကို ကြွေးကြော်ကာ တောင်းဆိုခဲ့ကြပါသည်။ စည်းလုံးညီညွတ်မှု၊ လူထုညီညွတ်မှုဖြင့် တစ်ခဲနက် အရေးဆိုခဲ့ကြပါသည်။ ထိုစဉ်က တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းချက်မှာ လွတ်လပ်ရေးပန်းတိုင်ဖြစ်ပါသည်။ လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်ရေးသည်သာ အဓိကဖြစ်ပါသည်။

မျက်မှောက်ကာလ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်ရာတွင် တောင်တန်း–မြေပြန့် တန်းတူညီမျှ အခွင့်အရေးရရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရေးတို့သည် တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆီလျော်စွာ ဆက်စပ်ဖြစ်ပေါ်နေသည်။ ယင်းတို့သည် တိုင်းရင်းသားပြည်သူများအတွက် အရေးကြီးသော အချက်များဖြစ်သည်။ ၂၀၂၁ ခုနှစ် နိုင်ငံတကာနှစ်သစ်ကူးနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **“ကျွန်မတို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အစလည်းဖြစ်၊ အဆုံးလည်းဖြစ်၊ အလယ်ဗဟိုလို့လည်းဆိုနိုင်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတွေကို ဘယ်အခါမှ မရပ်တန့်ခဲ့ပါဘူး။ အခြေအနေလိုအပ်ချက်တွေအရ ပြောင်းသင့်တာပြောင်း၊ ပြုပြင်သင့်တာ ပြုပြင်ပြီးတော့သာ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်”**ဟု ပြောကြားခဲ့သည်။

### ဘုံရည်မှန်းချက်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ မငြိမ်းချမ်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးနေရသည်။ အထူးသဖြင့် ပြည်နယ်အချို့တွင် မငြိမ်းချမ်းသောရလဒ်များကို တိုင်းရင်းသားပြည်သူများ ယနေ့ထက်တိုင် ကြုံတွေ့ခံစားနေရသည်။ တိုင်းရင်းသားပြည်သူများနေထိုင်ရာ တောင်တန်းဒေသ အချို့တွင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည်မှာ ကြာခဲ့ပြီ။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအားနည်းနေလျှင် ဒီမိုကရေစီရှင်သန်ရေးမှာလည်း အားလျော့နေမည်ဖြစ်သည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရေး အားကောင်းရှင်သန်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြုပြင်ပြောင်းလဲသင့်သည်တို့ကို ပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။

လူဦးရေ သန်း ၅၀ ကျော်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးစုအများအပြား မှီတင်းနေထိုင်ကြသည်။ အချို့က တိုင်းပြည်၏ အတွင်းပိုင်းတွင် နေထိုင်ကြသည်။ အချို့က မြေပြန့်များတွင် နေထိုင်ကြသည်။ အချို့က တောင်တန်းဒေသများနှင့် အစွန်ပိုင်းတွင် နေထိုင်ကြသည်။ သူတို့သည် အကွဲကွဲအပြားပြား နေထိုင်ကြသော်လည်း တစ်စိတ်တစ်ဝမ်းတည်း အေးအေးချမ်းချမ်း နေထိုင်လိုကြသည်။ တောင်တန်း–မြေပြန့်၊ အတွင်း–အစွန် မကွဲပြားဘဲ တန်းတူညီမျှ အခွင့်အရေးများဖြင့် မျှမျှတတနေထိုင်လိုကြသည်။ တိုင်းရင်းသားပြည်သူများ၏ အဆိုပါဆန္ဒများကိုဖြည့်ဆည်းပေးနိုင်ရေး တစ်ခုတည်းသော ပန်းတိုင်မှာ တိုးတက်အောင်မြင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးပင်။ အဆိုပါ ရည်မှန်းချက် အောင်မြင်ရေးအတွက် ဦးစားပေး ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရပါမည်။



တောင်တန်းဒေသညီညွတ်ရေးအတွက် ပင်လုံခရီးစဉ်။ ရှေ့တန်း – ဝဲမှဒုတိယ စဝ်ထွန်းအေး (သာမိုင်းခမ်းစော်ဘွား)၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်၊ (ညာစွန်) သာမိုင်းခမ်း မဟာဒေဝီ၊ နောက်တန်း – ဝဲမှတတိယ စဝ်ဝင်းကြည် (ပင်းတယစော်ဘွား)၊ ဓာတ်ပုံ– ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ပြတိုက်(ရန်ကုန်)

### တန်းတူညီမျှရေး

နယ်ချဲ့လက်အောက်သို့ နှစ်တစ်ရာကျော် ရောက်ရှိခဲ့စဉ်က ကိုလိုနီနယ်ချဲ့တို့သည် မြန်မာပြည်ရှိ တိုင်းရင်းသားပြည်သူများအား ပညာရေး၊ စီးပွားရေး၊ လူမှုရေးမညီမမျှဖြစ်အောင် ဖန်တီးခြယ်လှယ်ခဲ့သောကြောင့် လူမျိုးစုအသီးသီးတို့ လူနေမှုအဆင့်အတန်း ကွဲပြားခဲ့ရသည်။ ပြည်ထောင်စုကြီးတစ်ခုလုံးအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အဆင့်အတန်းနိမ့်ကျခဲ့ရသည်။ ထို့အပြင် ပြည်နယ်များ၏ အခြေအနေမှာ ပြည်မနှင့် အလှမ်းကွာမှုများဖြစ်ပေါ်ခဲ့သည်။ လွတ်လပ်ရေးမရမီက ပြည်နယ်နှင့် ပြည်မ တန်းတူညီမျှရရှိရေးကို ကြိုးပမ်းခဲ့သလို လွတ်လပ်ရေးရရှိပြီးသောအခါ ပြည်နယ်နှင့် ပြည်မ တန်းတူညီမျှ ဖွံ့ဖြိုးရေးကို ကြိုးပမ်းခဲ့ကြသည်။ တန်းတူညီမျှဖွံ့ဖြိုးရန်အတွက် ဦးစားပေးဖြေရှင်းကြရမည်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမည်။ ဖွံ့ဖြိုးမှ ဒီမိုကရေစီရှင်သန်ခိုင်မာမည်ဖြစ်သည်။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရှင်သန်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြုပြင်ရမည့်အချက်များရှိသည်။ ယနေ့ပြည်သူ့အစိုးရသည် ယင်းတို့ကို မျက်ခြည်အပြတ်မခံဘဲ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် တစ်ပြိုင်တည်းလိုအပ်သဖြင့် တူယှဉ်တွဲကာ ဖော်ဆောင်နေသည်။ ပြည်နယ်နှင့် ပြည်မ အခြေအနေအဝဝတို့ ညီမျှမှုရှိစေရေးအတွက် ပြည်သူ့အစိုးရက ပြည်နယ်များ ဖွံ့ဖြိုးရေးကို အားသွန်ကာ ကြိုးပမ်းပေးခဲ့သည်။ လက်တွေ့ မြင်တွေ့နေရပြီဖြစ်၍ ချီးကျူးထောမနာပြုသင့်သော အပြုအမူနှင့် စေတနာများဟု ဆိုရမည်။ မည် သည့်ဘက်၌ မည်သို့အားပေးအားမြှောက်ပြုဖြည့်ဆည်းပေးခဲ့သည်များကို သက်သေသက္ကာယနှင့် ဂဃနဏ ပြနိုင်ပါသည်။

### ငြိမ်းချမ်းရေး

ပြည်ထောင်စုသားများကြားတွင် လွတ်လပ်ရေးရပြီး ယနေ့အထိ ဖြစ်ပေါ်နေသည့်မတူညီသည့် အယူအဆများ၊ သဘောထားအမြင်များကြောင့် မေတ္တာတရားများ ဆိတ်သုဉ်းပြီး တောက်လောင်ခဲ့ရသော ဒေါသမီး၊ မောဟမီး၊ စစ်မီးများ လောင်မြိုက်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်သည်။ ထို့ကြောင့် ငြိမ်းအေးမှုများကို လောင်ကျွမ်းစေသည့် အဆိုးသံသရာမှ လွတ်မြောက်စေနိုင်သော အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများကို တည်ဆောက်ကြသည်။ ပြည်သူ့အစိုးရ စတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကို ထူထောင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ အစည်းအဝေးကို စတင်ကျင်းပခဲ့သည်။ ယင်းတို့သည် ငြိမ်းချမ်းရေး ခြေလှမ်းအစ ဖြစ်သည်။

ငြိမ်းချမ်းရေးကို ဆောင်ရွက်ရာ၌ အခက်အခဲများနှင့် စိန်ခေါ်မှုများ ကြုံတွေ့ရသော်လည်း လမ်းကြောင်း ပျောက်မသွားအောင် ကြိုးပမ်းဖော်ဆောင်နေကြသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် အခက်အခဲများကြီးမားစွာ ကြုံတွေ့ရသော်လည်း မလျှော့သောဇွဲလုံ့လဖြင့် ဆောင်ရွက်ခဲ့ကြသောကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကြီးအထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် သဘောတူစာချုပ်များကို ဆွေးနွေးဖက်များအားလုံး ကျေကျေနပ်နပ် လက်မှတ်ရေးထိုးကြသည်။ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုများ ချမှတ်နိုင်ခဲ့သည်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။

ယခုအခါ ၂၀၂၀ အလွန် ၂၀၂၁ မှ ရှေ့ဆက်သွားရမည့် လမ်းကြောင်းများ အထင်အရှားမြင်တွေ့နေရပြီ။ အဆင်သင့်ရှိနေပြီ။ ပွဲကိုင်ထိန်းကျောင်းဖော်ဆောင်မည့် ပြည်သူ့အစိုးရသည်လည်း နောက်ထပ် ငါးနှစ် (၂၀၂၁–၂၀၂၅) ကာလတွင် လက်တွေ့အသက်ဝင် အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်နေပြီ။ ယခုအခါ (၂၀) ရာစု “ပင်လုံစာချုပ်” ချုပ်ဆိုခဲ့သည်မှာ ၇၅ နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် “စိန်ရတု ပြည်ထောင်စုနေ့”သို့ရောက်မည်ဖြစ်သည်။ ထိုနှစ်တွင် ပြည်ထောင်စု၏ပန်းတိုင်ကို အတူတကွဆက်၍ လျှောက်လှမ်းနိုင်မည့် အရှိန်အဟုန်ကို စုပေါင်းအားဖြင့် တွန်းတင်ရမည်။ အခိုင်အမာ အထင်အရှားမြင်နေရသည့် အားတက်ဖွယ်ရာ အခြေအနေ တစ်ရပ်သို့ ရောက်ရှိစေမည့် ရည်မှန်းချက်များ ဆက်လက်ချမှတ်ကြမည်။ ၂၀၂၀ အလွန်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှု အသစ်နှင့် အလားအလာကောင်းများ ရှိနေသည်။

**“လွတ်လပ်ရေးမရမီက ပြည်နယ်နှင့် ပြည်မ တန်းတူညီမျှရရှိ ရေးကို ကြိုးပမ်းခဲ့သလို လွတ်လပ်ရေးရရှိပြီးသောအခါ ပြည်နယ်နှင့် ပြည်မ တန်းတူညီမျှဖွံ့ဖြိုးရေးကို ကြိုးပမ်းခဲ့ကြသည်။ တန်းတူညီမျှဖွံ့ဖြိုး ရန်အတွက် ဦးစားပေးဖြေရှင်းကြရမည်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမည်။ ဖွံ့ဖြိုးမှ ဒီမိုကရေစီရှင်သန်ခိုင်မာမည်ဖြစ်”**

### လျှပ်စစ်ဓာတ်အား

၂၀၂၁ ခုနှစ် ပြည်ထောင်စုနေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ယခုနှစ်သည် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်၍ စိန်ရတုပြည်ထောင်စုနေ့ အကြိုကာလဖြစ်သည်။ စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်နယ်–ပြည်မ တန်းတူညီမျှဖြစ်စေမည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရေးအတွက် ရောင်နီလင်းလက် မျှော်လင့်ချက်များ ရှိလာပြီဖြစ်သည်။ ပြည်ထောင်စုကြီးဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုကိစ္စများအနက် လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်အောင် တည်ဆောက်ရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးလင်းရေးတို့သည် ပြည်နယ်–ပြည်မ တန်းတူညီမျှရေးတွင် အဓိကကျသည့် ကဏ္ဍများဖြစ်သည်။

ပြည်သူ့အစိုးရ နိုင်ငံ့တာဝန်စတင်ယူစဉ်ချိန်က တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု ၃၄ ရာခိုင်နှုန်းသာရှိပြီး ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး၏ ၅၇ ရာခိုင်နှုန်း နီးပါး လျှပ်စစ်ဓာတ်အား ရရှိနေပြီဖြစ်သည်။ ထို့အပြင် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းကျော် လျှပ်စစ်ဓာတ်အားရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြည်သူ့အစိုးရက အသိပေးထားသည်။ လက်ရှိတွင် မြို့ပြများအားလုံးတွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနေပြီး ကျေးလက်ဒေသများ မီးလင်းရေးကို ဆောင်ရွက်ပေးနေသည်။

### ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးအသုံးစရိတ်များကို နှစ်စဉ်မြှင့်တင်ဆောင်ရွက်ပေးနေပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးနေသည်။ ထို့အပြင် လူတိုင်း လက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (Universal Health Coverage) ရရှိရေးကိုလည်း ပြည်သူ့အစိုးရက ကတိကဝတ်ပြုထား သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် အဘက်ဘက်၌ ဦးစားပေးအထူးမြှင့်တင်ဆောင်ရွက်နေသည်။ လာမည့် ငါးနှစ်တာကာလအတွင်း ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ လိုအပ်သည့်ဆေးဝါးများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ ဆေးရုံများ၊ ဆေးခန်းများတွင် ကောင်းမွန်သော ဝန်ဆောင်မှုများပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာများ တိုးတက်မြင့်မားလာရေး၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြှင့်တင်ပြီး ပြည်ပထွက်ငွေလျှော့ချနိုင်ရေးအတွက် ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများ တစ်ရှိန်ထိုးတိုးတက်လာရေး အထူးအစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဟု သိရသည်။ လက်ရှိတွင် ပြည်သူများ ရောဂါကပ်ဘေးကင်းဝေးစေရန် ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်ပေးသည်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးကို နိုင်နိုင်နင်းနင်း ဆောင်ရွက်ပေး သည်။ ကျန်းမာရေးကဏ္ဍသည် တစ်နိုင်ငံလုံး လွှမ်းခြုံစောင့်ရှောက်မှုပေးနိုင်သည့် ပြည်သူ့ကျန်းမာရေးစစ်စစ် ဖြစ်လာခဲ့သည်။

### စီးပွားရေးကဏ္ဍ

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ကိုအကြောင်းပြု၍ ပုံစံသစ်များ ပြောင်းလဲဆောင်ရွက်နေသည်။ ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုဒဏ်ကို သက်သာစေရန်အတွက် ကိုဗစ်–၁၉ ထိခိုက်မှု သက်သာရေးစီမံချက် (CERP) စီမံချက်ကို ရေးဆွဲပြီး စီမံချက်တွင်ပါရှိသည့် လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်နေသည်။ ကိုဗစ်ကြောင့် စီးပွားရေး ထိခိုက်နစ်နာကြသည်မှာ အားလုံးလိုလိုပင်။ နိုင်ငံအတွင်း အလုပ်လက်မဲ့ဖြစ်ကြသည်မှာလည်း တစ်ပုံတစ်ပင်ပင်။ ယင်းထိခိုက်မှုဒဏ်ချက်များကို သက်သာစေရန်အပြင် တစ်ဆင့် ရိုက်ခတ်မှုဒဏ်ခံရသည့် မြန်မာ့စီးပွားရေးပြန်လည်နိုးထလာစေရန် အထူးလိုအပ်လာသည်။

ထို့ကြောင့် မြန်မာ့စီးပွားရေးထိခိုက်မှုကို တွန်းလှန်လွန်မြောက်နိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) မူကြမ်းကို နိုင်ငံတော်အစိုးရက ရေးဆွဲခဲ့သည်။

*စာမျက်နှာ ၇ သို့*

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ "၂၀၂၁" ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

## လုပ်ငန်းအောင်မြင်ပြီးမြောက်စေရန်နှင့် တိုင်းရင်းသားများအတွက် အားလုံးပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၈**

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်၍ တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁) အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ချင်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်သည်။

### အများပြည်သူ ကြည့်ရှုနိုင်ရန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပထမအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်၌ ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်းတွင် တိုင်းရင်းသားများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၁ ခုနှစ် တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီပွဲတော်ကို ကိုဗစ်-၁၉ ကြောင့် ကျင်းပခြင်း မပြုလုပ်ဘဲ MRTV၊ တိုင်းရင်းသား လူမျိုးများရုပ်သံလိုင်း (NRC)၊ Web portal၊ Webiner (Web program)၊ Facebook platform တို့မှ Virtual Reality နည်းပညာဖြင့် ကျင်းပမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကို အများပြည်သူများ စိတ်ဝင်တစား ကြည့်ရှုနိုင်ရန်အတွက် အကြိုထုတ်လွှင့်မှုကို ဆောင်ရွက်လျက်ရှိပြီး ရုပ်မြင်သံကြားအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် သောကြာနေ့တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်ကာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို မတ် ၁၂ ရက်တွင်လည်းကောင်း ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၁ ပွဲတော်အတွက် ပြပွဲများကို အဓိကအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၆) ခု စုစုပေါင်း (၁၄)ခုကို အခြေခံ၍ စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအနေဖြင့် မိမိတို့ တိုင်းရင်းသားများအလိုက် ပြပွဲများ၊ ဗီဒီယို Clip များ၊ ဒေသဆိုင်ရာ အကြောင်းအရာများ ပြသနိုင်ရန်အတွက် လိုအပ်သော ထောက်ပံ့မှုများကို မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်၍ လည်းကောင်း၊ မိမိတို့တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍လည်းကောင်း ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့တိုင်းရင်းသားများအား ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပါဝင်လာစေရေး ဆောင်ရွက်ပေးစေလိုပါကြောင်း။

### တိုင်းရင်းသားများ၏ အကျိုးစီးပွား

ယခုကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ကာလဖြစ်သည့်အတွက် မြေပြင်တွင် ကျင်းပခြင်းမပြုဘဲ ရုပ်သံများဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ရုပ်သံများဖြင့် ကျင်းပရသည့်အတွက် ရိုက်ကူးရေး ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ Video Clip များကို အချိန်မီ ပေးပို့ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရိုက်ကူးရေးများ တိုက်ရိုက်ထုတ်လွှင့်မှု (Live) ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူစုလူဝေးမဖြစ်ပေါ်စေရေး၊ ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် အစီအစဉ် များပြားသည့်အတွက် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှိသကဲ့သို့ ပွဲတော်ရက်အတွင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိလာမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တိုင်းရင်းသား အသင်းအဖွဲ့များနှင့် အချင်းချင်းချိတ်ဆက်၍ ဆောင်ရွက်ပေးကြပါရန်၊ လုပ်ငန်းအောင်မြင်ပြီးမြောက်စေရန်နှင့် တိုင်းရင်းသားများအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ တိုင်းရင်းသား ဒေသ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ အကျိုးစီးပွား၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ၊ တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ဒေသထွက်ကုန်များ ပိုမိုမြှင့်တင်နိုင်ရေး စသည်များကို အထောက်အကူဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ ယခင်က ပြည်ထောင်စုနေ့ကို ပြည်ထောင်စုပွဲတော်အဖြစ် ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်းတွင် ဆိုင်ခန်း၊ ပြခန်းများ ဖွင့်လှစ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း ပြည်ထောင်စုပွဲတော်အား မကျင်းပနိုင်တော့သည်မှာ နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စု ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်နွှယ်အကျိုးပြုနေပါကြောင်း၊ ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်များ စုပေါင်းကာ ယခုပွဲတော်ကို တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ Virtual စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြေပြင်တွင် မကျင်းပနိုင်သောအခြေအနေတွင် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အားလုံးစုပေါင်း၍ ကြိုးစားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်ရာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က လက်ခံရယူသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေဖြင့် ပွဲတော်ဖြစ်မြောက်ရေး သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကျင်းပခြင်းဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရင်းနှီးချစ်ကြည်မှုကို ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပြသမည့်အစီအစဉ်များရှင်းလင်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော် ကျင်းပရေးစီမံချက်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)တို့တွင် ပြသမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁" ပွဲတော်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

စီမံချက်တွင် ပါဝင်သည့် ကာလလတ် လုပ်ငန်းစဉ်များအနက် အမြန်ဆုံးသိသာနိုင်သည့် လုပ်ငန်းစဉ်များကို ရွေးချယ်ပြီး အကောင်အထည်ဖော်မည်။ MERRP သည် စီးပွားရေးကဏ္ဍကို ပိုမိုဇောင်းပေးထားပြီး စီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

များမကြာမီတွင် ပြည်တွင်း၊ ပြည်ပ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်မည့် အခြေခံအဆောက်အအုံများဖြစ်ပေါ်လာနိုင်အောင် ဆောင်ရွက်နေသည်။ ယခု ဘဏ္ဍာနှစ်တွင် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံစီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ ရှိသည့်အတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (MIPP)အရ ယခုနှစ်မျှော်မှန်းချက်၏ ၉၈ ရာခိုင်နှုန်းနီးပါး ရရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ ကာလနှင့် အလွန်ကာလတွင် ကိုဗစ်ကြောင့် ထိခိုက်နစ်နာမှုများကို ကုစားနိုင်ရေးအတွက် စီးပွားရေးပြန်လည် ဦးမော့လာအောင် ကြိုးပမ်းအားထုတ်ရေးသည် အရေးကြီးသည်။ ဘဏ္ဍာရေးကို ဖြည့်ဆည်းပေးပြီး ပုဂ္ဂလိကကဏ္ဍကို ပိုမိုတွန်းအားပေးကြမည်ဖြစ်သည်။

**ပညာရေးကဏ္ဍ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုမှာ ပညာရေးဖြစ်သည်။ ပညာရေးကဏ္ဍ တိုးတက်ရေးသည် ရေရှည်လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က ခေတ်နှင့်လျော်ညီသည့် ပညာရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်။ အသက်မွေးဝမ်းကျောင်းပညာရေးကို ချဲ့ထွင် အားပေးသည်။ လူငယ်လူရွယ်များ အလုပ်အကိုင်ရရှိရေးနှင့် ဘဝလုံခြုံစိတ်ချရေးသည် အရေးကြီးသည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်သွားမည့်အပြင် ပုဂ္ဂလိကပညာရေးကိုလည်း အားပေးသွားမည်။ ပညာရေးမှရရှိမည့် အဓိကစွမ်းအားမှာ ရင်ဆိုင်ရမည့်ပြဿနာများကို အကောင်းဆုံးဖြေရှင်းနိုင်မည့်လမ်း၊ ထိုလမ်းကို ရှာဖွေလျှောက်လှမ်းနိုင်မည့် အရည်အချင်းများဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ကြောင့် ပညာရေးကဏ္ဍတွင်လည်း စိန်ခေါ်မှုကြီးကြီးမားမားတွေ့နေရသည်။ လူငယ်များ၏ ပညာရပ်ဝန်း ပြတ်တောက်မသွားအောင်၊ ကိုဗစ်-၁၉ အလွန်တွင် အားကောင်းသည့် ပညာရပ်ဝန်းဖြစ်ပေါ်လာအောင် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၁ ခုနှစ်နှင့် နောင်လာမည့်နှစ်များတွင် မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်အောင် ကြိုးပမ်းအားထုတ်ပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် နိုင်ငံသူ၊ နိုင်ငံသားများဖြစ်အောင် အကောင်အထည်ဖော်နေသည်။ နိုင်ငံတော်၏ အန္တိမပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ မဖြစ်မနေ ကြိုးပမ်းလျှောက်လှမ်းနေသည်မှာ ပြည်နယ်-ပြည်မ တန်းတူညီမျှ အခွင့်အရေး ရစေလိုသောကြောင့်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်နယ်များသည် ယခင်နှင့်မတူ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်။ နောင်တွင်လည်း ယခုထက်မက တိုးတက်လာဦးမည်။

၂၀ ရာစုကာလက တောင်တန်း-ပြည်မ တန်းတူညီမျှ လွတ်လပ်ရေးရရှိရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ကာ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ၂၁ ရာစုတွင် တောင်တန်း-ပြည်မ တန်းတူညီမျှ ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

ဤသို့ အဘက်ဘက်တွင် အားသွန်ခွန်စိုက် မြှင့်တင်ကြိုးပမ်းပေးခြင်းဖြင့် မဝေးလှသောကာလတွင် ပြည်နယ်- ပြည်မ၊ တောင်တန်း-မြေပြန့် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး တူညီ မျှတသည့် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ကြီးသို့ အမှန်တကယ်ရောက် ရှိလာမည်ဟု (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ ရေးသားတင်ပြလိုက်ပါသည်။ ။

# မူလတန်းအောက်ဆင့် သင်္ချာစွမ်းရည်နှင့် စာဖတ်စွမ်းရည်စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တင်ပြခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

**မူလတန်းအောက်ဆင့် သင်္ချာစွမ်းရည်နှင့် စာဖတ်စွမ်းရည်စစ်ဆေး အကဲဖြတ်ခြင်း(Early Grade Mathematics Assessment and Reading Assess–ment – EGRA/EGMA) သုတေသန လုပ်ငန်း၏ တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တင်ပြခြင်းလုပ်ငန်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က မူလတန်းအောက်ဆင့် သင်္ချာစွမ်းရည်နှင့် စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မူလတန်းကလေးငယ်များ၏ စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်နှင့် သင်္ချာစွမ်းရည်များကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့မြှင့်တင်ဆောင်ရွက်ပေးနိုင်မှသာ မူလတန်း ကလေးငယ်များသည် တစ်သက်တာ သင်ယူမှု အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင်ရရှိပြီး ၂၁ ရာစု ကျွမ်းကျင်မှု စွမ်းဆောင်ရည်များကို ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ မူလတန်း အောက်ဆင့် သင်္ချာစွမ်းရည်နှင့် စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အခြေခံအကျဆုံး လိုအပ်ချက်သည် အရေး၊ အဖတ်၊ အတွက် ဖြစ်ပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်ရာတွင် အခြေခံ အရေး၊ အဖတ်၊ အတွက် သာမက သိပ္ပံနှင့် အခြေခံကွန်ပျူတာ၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ စသည့်ကျွမ်းကျင်မှုများ သင်ယူတတ်မြောက်ရန် အရေးကြီးပါကြောင်း။

နှစ်စဉ်သုတေသနရလဒ်များအရ ကလေးများ စာတစ်ပိုဒ်ကို ဖတ်သည့်အခါ တစ်စိတ်တစ်ပိုင်းသာ ဖတ်နိုင်ပြီး တစ်စိတ်တစ်ပိုင်းပဲ ဆွေးနွေးနိုင်မည့် ကလေးများရှိသလို စာတစ်ပိုဒ်ကို ဖတ်ပြီး လုံးဝမဆွေးနွေးနိုင်သည့် ကလေးများရှိပါကြောင်း၊ စာတစ်လုံးကိုပင် မဖတ်နိုင်သည့် ကလေးများလည်းရှိပါကြောင်း၊ ထိုကဲ့သို့ စာတစ်လုံးမှ မဖတ်နိုင်သည့် ကလေးများရှိသော ဒေသများတွင် ၎င်းတို့အတွက် မည်သို့ဆောင်ရွက်ပေးရမည်၊ ၎င်းတို့၏ ဆရာ၊ ဆရာမများကို သင်တန်းပေးရန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု နည်းလမ်းများဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်၊ ကျောင်း၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ပူးပေါင်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဖြေရှင်း၍ စာဖတ်စွမ်းရည်နှင့် အခြေခံသင်္ချာစွမ်းရည်မြှင့်တင်ပေးနိုင်မည်ကို လက်တွေ့ကျကျ ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။

South East Asia Primary Learning Metrics–SEA PLM အစီရင်ခံစာနှင့် ယခု EGRA , EGMA ၏ အစီရင်ခံစာအရ မူလတန်းပြ ဆရာ ဆရာမများ၊ မူလတန်းကျောင်းအုပ်များ၊ ပံ့ပိုးပေးကြသည့် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဦးစီးဆောင်ရွက်ပေးသည့် ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ The World Bank၊ UNICEF နှင့် ကူညီပံ့ပိုးပေးသည့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ပါကြောင်း၊ စာသင်ခန်းတွင်ရှိသည့် မူလတန်း ကလေးငယ်များအားလုံး ၂၁ ရာစု၏ ကျွမ်းကျင်မှုအတွက် အခြေခံ လိုအပ်ချက်ဖြစ်သော အဖတ်စွမ်းရည်၊ အရေးစွမ်းရည်၊ အတွက်စွမ်းရည်ကောင်းရန်နှင့် သိပ္ပံ၊ အခြေခံကွန်ပျူတာ၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိများ သင်ယူတတ်မြောက်နိုင်ရန် အရေးကြီးပါကြောင်း၊ ကျောင်းထွက်မှု လုံးဝမရှိစေရန်နှင့် Learning Poverty မဖြစ်စေရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အရေးကြီးသည့် စီမံကိန်းဖြစ်၍ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အသိပေး မေတ္တာရပ်ခံအပ်ပါကြောင်း။

ယခုလုပ်ငန်းတွင် ပူးပေါင်းပါဝင်ရန်အဓိကကျသူများမှာ မိဘများနှင့် မိဘဆရာအသင်းများ ဖြစ်ပါကြောင်း၊ မိဘဆရာ အသင်းများ၏ ပူးပေါင်းပါဝင်မှုမရှိဘဲ လုပ်ငန်းမအောင်မြင်နိုင်ပါကြောင်း၊ စာဖတ်၊ စာရေး၊ အခြေခံသင်္ချာ၊ အခြေခံသိပ္ပံ၊ အခြေခံကွန်ပျူတာ၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိများ သင်ယူရာတွင် အားနည်းနေသည့် ကလေးငယ်များကို မိဘများ၊ မိဘဆရာ အသင်းများက ဆရာများနှင့် ပူးပေါင်းပါဝင်၍ အထောက်အကူပြု ပံ့ပိုးပေးလျှင် လုပ်ငန်းအောင်မြင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Mr Saurav Dev Bhatta, Senior Economist and Education Team Leader, The World Bank က မူလတန်းအောက်ဆင့် သင်္ချာစွမ်းရည်နှင့် စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်း သုတေသန လုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်ခြင်းကို လည်းကောင်း၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနဌာနခွဲမှ ဒေါ်အိဖြူမောင်၊ ဒေါ်ပွင့်ဆက်ခင်၊ ဒေါ်ခင်သိမ့်သိမ့်ဖြိုးတို့က EGMA နှင့် EGRA သုတေသန လုပ်ငန်းများ၏ တွေ့ရှိချက်များကို လည်းကောင်း၊ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သုတေသနဌာနခွဲမှ ဒေါ်ယုမော်ဝင်းက Early Grade Teaching Manual များ ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ အခြေခံပညာဦးစီးဌာန စီမံကိန်းဌာနခွဲမှ ဒေါက်တာဖြိုးမမဟိန်းက Early Grade Teaching Intervention အစီအစဉ်များကို လည်းကောင်း၊ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာစိုးက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ Early Grade Teaching နည်းပညာဆိုင်ရာ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်




# အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAOs) မှ ကိုယ်စားလှယ်များ အလွတ်သဘော တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) မှ ကိုယ်စားလှယ်များ၏ အလွတ်သဘော ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေး၊ NCA–S EAOs ကိုယ်စားလှယ်များအဖြစ် စဝ်စိုင်းငင်း (RCSS)၊ ဦးမျိုးဝင်း (ABSDF)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း(CNF)၊ ပဒိုစောတာဒိုမူး (KNU)၊ စောမြရာဇာလင်း (ALP)၊ ခွန်မြင့်ထွန်း (PNLO)၊ စောစိန်ဝင်း (DKBA)၊ စောကျော်ညွန့် (KNU/KNLA–PC)၊ ကြာဆော်လမွန် (LDU)နှင့် နိုင်အောင်မငေး (NMSP) တို့ တက်ရောက်ကြသည်။

တက်ရောက်လာကြသည့် အစိုးရနှင့် NCA–S EAOs ကိုယ်စားလှယ်များက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နှစ်ဖက်ဆက်လက်ပြုလုပ်မည့် ဆွေးနွေးမှုအစီအစဉ်များကို ဆွေးနွေးကြသည်။

အစိုးရနှင့် NCA–S EAOs တို့၏ နှစ်ဖက်အလွတ်သဘောတွေ့ဆုံမှုကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ဆက်လက် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

မျိုးမြင့် (သတင်းစဉ်)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄ သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်




# စာကြည့်တိုက်မှူးများ စာဖတ်စေလို၊ စာကြည့်တိုက်မှူးများသည် စာကြည့်တိုက်များ တိုးတက်ကောင်းမွန်စေမည့်အရာများကို စဉ်းစားလုပ်ဆောင်သွားရမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက် တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ် (၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အသင်းအဖွဲ့တစ်ခု၊ လုပ်ငန်းတစ်ခုသည် အများပြည်သူအတွက် လုပ်ကိုင်ဆောင်ရွက်ရင်း သက်တမ်းရှည်ကြာလာသည်နှင့်အမျှ တန်ဖိုးရှိလာကြောင်း၊ မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများကို အများပြည်သူက တန်ဖိုးထားအသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်လာကြောင်း၊ ထို့ကြောင့် အများပြည်သူအတွက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်း စဉ်းစားဆောင်ရွက်ရပါကြောင်း။

နှစ် (၃၀) ကာလ ဖြတ်သန်းမှုနှင့်အတူ အများပြည်သူအတွက် ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များထဲမှ မည်သည့်အရာများကို ပိုမိုလုပ်ဆောင်သင့်ကြောင်း ပြန်လည်သုံးသပ်ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူနှင့် ဆက်ဆံဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ပြီး အများပြည်သူအတွက် ဝန်ဆောင်မှုပေးနိုင်ရန်၊ အများပြည်သူက အကြံဉာဏ်ပေးနိုင်ရန်နှင့် အများပြည်သူပေးသည့် အကြံဉာဏ်များကို ကူညီဖော်ဆောင်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အများပြည်သူနှင့် ဆက်ဆံဆောင်ရွက်ရာတွင် အကြောင်းအရာတစ်ခုကို ကောင်းသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပါက ကောင်းသောတုံ့ပြန်မှု ရရှိနိုင်သည်ဆိုသည့် အချက်ကို ဂရုပြုစေလိုကြောင်း၊ ဦးစီးဌာနအနေဖြင့် အများပြည်သူက အသိအမှတ်ပြုလက်ခံသည့် ကလေးစာပေပွဲတော်များ၊ လူငယ်ဘက်စုံပွဲတော်များကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

အများပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ဦးစီးဌာန၏ မူရင်းအလုပ်ဖြစ်သည့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် အများပြည်သူကို အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့်အတွက် ဦးစီးဌာန၏ ပင်မလုပ်ငန်းဖြစ်သည့် စာကြည့်တိုက်များအတွက်စာကြည့်တိုက်မှူးကောင်းများလည်း ရှိစေလိုကြောင်း၊ စာကြည့်တိုက်မှူးများ စာဖတ်စေလိုကြောင်း၊ စာကြည့်တိုက်မှူးကောင်းများ ဖြစ်စေရန် လေ့ကျင့်ပျိုးထောင် ပေးသွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်မှူးများသည် စာကြည့်တိုက်များ တိုးတက်ကောင်းမွန်စေမည့်အရာများကို စဉ်းစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကြီးပွားတိုးတက်သူများ၊ ထင်ရှားကျော်ကြားသူများကို လေ့လာကြည့်ပါက ၎င်းတို့တွင် စာဖတ်သည့် အလေ့အထကောင်းများ ရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်သည့် ပြည်သူ့စကားဝိုင်းများသည် အများပြည်သူအတွက် အစပျိုးနေသည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပါကြောင်း၊ အများပြည်သူ စိတ်ပါဝင်စားမှု၊ ပါဝင်မှုရှိသည့် စကားဝိုင်းများ ဖြစ်လာစေရန်၊ အများပြည်သူဝိုင်းဝန်းဆွေးနွေးသည့် ပြည်သူ့စကားဝိုင်း အလေ့အထဖြစ်လာစေရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရုပ်ရှင် နှစ် (၁၀၀) ပြည့် ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အခြားသောဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်နိုင်ခြင်း၊ ရုပ်ရှင်စတူဒီယိုများ ဆောက်လုပ်နိုင်ခြင်းတို့အတွက် အသိအမှတ်ပြုပါကြောင်း၊ မီဒီယာသိနားလည်မှုဆိုင်ရာအသိပညာ ပြန့်ပွားရေးကိစ္စရပ်များ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အများပြည်သူနှင့် သက်ဆိုင်သည့် သတင်းများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ တင်ပြဆောင်ရွက်လာကြပြီး ပြည်သူများ၏ အသိအမှတ်ပြုလက်ခံမှုများကို ရရှိနေပြီဖြစ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေ လိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်အလိုက် အများဆုံးသတင်းပေးပို့ ဖော်ပြခံရမှုအတွက် ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်အလိုက် အများဆုံးသတင်းလွှင့်တင် ဖော်ပြခံရမှုအတွက် ဆုချီးမြှင့်စဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်အလိုက် သတင်းပေးပို့ ဖော်ပြခံရမှု အများဆုံး ပထမဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် မန္တလေးခရိုင်ရုံး၊ တတိယဆုရရှိသည့် ဘားအံခရိုင်ရုံး၊ အထူးဆုရရှိသည့် ဂန့်ဂေါခရိုင်ရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံး၊ ကျောက်မဲခရိုင်ရုံး၊ ဟားခါးခရိုင်ရုံး၊ မုံရွာခရိုင်ရုံးနှင့် တောင်ကြီးခရိုင်ရုံးတို့အတွက် ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်အလိုက် သတင်းလွှင့်တင်ဖော်ပြခံရမှု အများဆုံး ပထမဆုရရှိသည့် နတ်မောက်မြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပမြို့နယ်ရုံး၊ တတိယဆုရရှိသည့် မိုင်းယောင်းမြို့နယ်ရုံး၊ အထူးဆုရရှိသည့် လှိုင်းဘွဲမြို့နယ်ရုံး၊ သီပေါမြို့နယ်ရုံး၊ ကျောက်ပန်းတောင်းမြို့နယ်ရုံး၊ တောင်တွင်းကြီးမြို့နယ်ရုံး၊ မြင်းမူမြို့နယ်ရုံး၊ ဒေးဒရဲ မြို့နယ်ရုံးနှင့် ပွင့်ဖြူမြို့နယ်ရုံးတို့အတွက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဌာန၏ နှစ် (၃၀) ပြည့် အထိမ်းအမှတ် “ပြည်သူ့အတွက် ဒို့ပြန်/ဆက်” ဌာနတွင်း ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ၂၀၂၀ ပြည့်နှစ်အတွင်း သတင်းအရည်အသွေး အကောင်းဆုံး ဆုရရှိသူများနှင့် ဌာန၏ နှစ် (၃၀) ပြည့်အထိမ်းအမှတ် Documentary ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဓာတ်ပုံထူးချွန်ဆုရရှိသူများ၊ ဝန်ထမ်းများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိသူများအား လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက စာပေထူးချွန်ဆုရရှိသူများနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆုရရှိသူများအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်သူ့စာကြည့်တိုက် Facebook Page တွင် အသိပညာပေးလုပ်ငန်း အများဆုံး လွှင့်တင်ဆောင်ရွက်နိုင်မှု ဆုရရှိသူများနှင့် ဌာန၏ နှစ် (၃၀) ပြည့် အထိမ်းအမှတ် Project Proposal ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားသည့် **“ပြည်သူအကျိုးပြု ရေးရှုဦးတည် ပုလဲရတုတိုင်ပြီ”** မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ဆုရရှိသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယနေ့ရက်စွဲဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် -

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ စစ်ရေး ဆိုင်ရာလှုပ်ရှားမှုများကို တိုးမြှင့်ရပ်ဆိုင်းပေးခဲ့သည့်အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ထိရောက်စွာ ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်ရန် အတွက် တပ်မတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆက်လက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ကမ္ဘာတစ်ဝန်းရင်ဆိုင်ရလျက်ရှိသည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးတို့ အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များမှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ ရပ်ဆိုင်းပေးသွားမည် ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့် ကာလများကို ယခင်ကထက် ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြု၍ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား မြနန္ဒာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတွင် နေရာချထားပေးသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

**ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြနန္ဒာလမ်းမပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် မြနန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား နေရာချထားပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။**

ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် မြနန္ဒာလမ်းမပေါ်ရှိ မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ဖွင့်ပွဲအခမ်းအနားတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ထိုကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

**အစိုးရဝန်ထမ်းတွေကို နေရာချထားပေးမည်ဖြစ်**

ဆက်လက်၍ ၎င်းက "ဒီအိမ်ရာက နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ဖြစ်ပါတယ်။ ဥပမာ ဗန္ဓုလအိမ်ရာဆိုရင် ပြည်သူ့အငှားအိမ်ရာ ဖြစ်ပါတယ်။ ပြည်သူ့အငှားအိမ်ရာ ဖြစ်တဲ့အတွက် မည်သူမဆို လျှောက်ထားနိုင်ပါတယ်။ အထူးသဖြင့် ဝင်ငွေနည်း ပြည်သူတွေကို ဦးစားပေးတာပါ။ ဒီအိမ်ရာကတော့ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာဖြစ်တဲ့အတွက် အစိုးရဝန်ထမ်းတွေကိုပဲ နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ နေရာချထားပေးဖို့အတွက် တိုင်းဒေသကြီးမှာ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ နေရာချထားရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီက မူတွေ ရေးဆွဲပြီးတော့ နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ အဓိက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဌာနတွေအလိုက် ဦးစားပေးရမယ့် ဌာနတွေကို ဦးစားပေးရွေးချယ်ပြီး နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ ဒါက တာဝန်ထမ်းဆောင်ဆဲကာလမှာပဲ နေထိုင်ခွင့်ရှိတာ ဖြစ်ပါတယ်" ဟု ပြောသည်။

**အခန်းပေါင်း ၄၇၆ ခန်း ပါဝင်**

အဆိုပါ မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတွင် အထပ်မြင့် ငါးထပ်ပါ တိုက် ၁၄ လုံး တည်ဆောက်ထားပြီး အခန်းပေါင်း ၄၇၆ ခန်း ပါဝင်ကြောင်း၊ တိုက်ခန်းအငှားချထားခြင်းခံရသည့် ဝန်ထမ်းများအား အမှုထမ်းဖြစ်ပါက လစာ၏ သုံးရာခိုင်နှုန်း၊ အရာထမ်းဖြစ်ပါက လစာ၏ ငါးရာခိုင်နှုန်းကို အိမ်လခအဖြစ် ကောက်ခံမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုက်ခန်းအငှားချထားခြင်းခံရသည့် ဝန်ထမ်းများအနေဖြင့် ဌာနမှ ထုတ်ပယ်ခံရသည် ဖြစ်စေ၊ ပြောင်းရွှေ့သည်ဖြစ်စေ အဆိုပါ တိုက်ခန်းကို နှစ်လအတွင်း ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး ကွယ်လွန်(သို့မဟုတ်) အငြိမ်းစားယူချိန်တွင် ပြောင်းရွှေ့ရန် ပြင်ဆင်ချိန် လေးလပြီးပါက အခန်းပြန်လည်ပေးအပ်ရမည် ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြနန္ဒာ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေးနှင့် တာဝန်ရှိသူများက မြနန္ဒာ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုက်ခန်းများကို လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ မြနန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Yangon Metropolitan Development Public Co.,Ltd က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တံစုန်းများ ဖေဖော်ဝါရီလလယ်မှစ၍ ဖယ်ရှားမည်

**မုံရွာ ဇန်နဝါရီ ၂၈**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြီးခဲ့သည့်မိုးရာသီက တင်ကျန်ခဲ့သည့် တံစုန်း(ရေမြုပ်သစ်ငုတ်)များကို လာမည့် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းထံမှ သိရသည်။

"ချင်းတွင်းမြစ်အတွင်းမှာ တံစုန်းတွေတင်ကျန်တဲ့နေရာတွေက တစ်နှစ်နဲ့ တစ်နှစ် မတူကြဘူး၊ တံစုန်းတွေက ချင်းတွင်းမြစ်အတွင်းကို စီးဝင်နေတဲ့ ချောင်းတွေရှိတယ်၊ အဲဒီချောင်းတွေနဲ့ ချင်းတွင်းမြစ်ဆုံတဲ့ အောက်ဘက်တွေမှာ တံစုန်းတွေတင်ကျန်တာများတယ်၊ အဲဒီတံစုန်းတွေကို ဖယ်ရှားရှင်းလင်းဖို့ အခု တံစုန်းနုတ်ယာဉ်၊ စက်တွေ၊ ကရိန်းတွေကို ပြင်ဆင်မွမ်းမံတာတွေ လုပ်နေတယ်။ ပြီးတာနဲ့ ဖေဖော်ဝါရီလ ဒုတိယပတ်မှ မတ်လအကုန်အထိ ဖယ်ရှားရှင်းလင်းရေးကို လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ် "ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တံစုန်းနုတ် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ပြီး မုံရွာမြို့နှင့် မော်လိုက်မြို့အကြား ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တံစုန်း ၂၅ တန်ကို လည်းကောင်း၊ မတ်လအတွင်း မော်လိုက်မြို့နှင့် ဟုမ္မလင်းအကြားရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တံစုန်း တန် ၃၀ ကို တံစုန်းနုတ်ရေယာဉ်(တနယ-၂)ဖြင့် ဖယ်ရှားရှင်းလင်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ဆေးပေးခန်းနှင့် အလုပ်ရုံသင်တန်းကျောင်းတည်ဆောက်မည့် မြေနေရာများကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၈**



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၄၄) ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် မြန်မာ့ရေနံဆေးပေးခန်းနှင့် တည်ဆောက်သွားမည့် အဆောက်အအုံများအတွက် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၄၄)ရှိ အစည်းအဝေးခန်းမ(၁)သို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက ရုံးအမှတ်(၄၄) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးချုပ်အနီးတွင် အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း (SEAOP/ SEAGP)၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှု Corporate Social Responsibility (CSR) အစီအစဉ်ဖြင့် တည်ဆောက်ပြီးစီးသည့် မြန်မာ့ရေနံ ဆေးပေးခန်းနှင့် ဆက်လက်တည်ဆောက်မည့် အဆောက်အအုံများ ဖြစ်သော မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံနှင့် သင်တန်းကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ မြန်မာ့ရေနံ စာကြည့်တိုက်နှင့် ပြခန်းတို့နှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ဆေးပေးခန်းအတွက် လိုအပ်သော ဆရာဝန် ခန့်ထားရေးကိစ္စကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်သွားရေး၊ သင်တန်းကျောင်း တည်ဆောက်ရာတွင် သင်တန်းသားထားရှိမည့် အဆောင်များကို စနစ်တကျ သီးသန့်ထည့်သွင်း တည်ဆောက်သွားရေး၊ နောက်ဘဏ္ဍာနှစ်များတွင် ဧည့်ရိပ်သာ လျာထား တည်ဆောက်ရေး၊ CSR အစီအစဉ်ဖြင့် လူနာတင်ယာဉ်များ ဝယ်ယူဖြည့်ဆည်းသွားရေးနှင့် ရုံးပတ်ဝန်းကျင် စိမ်းလန်းသာယာ စိုပြည်လှပရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ်(၄၄) ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် မြန်မာ့ရေနံဆေးပေးခန်းနှင့် မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းရေးအလုပ်ရုံ၊ သင်တန်းကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ မြန်မာ့ရေနံ စာကြည့်တိုက်နှင့်ပြခန်းတည်ဆောက်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ဖေဖော်ဝါရီ ၂၁ ရက်တွင် ထိုးသတ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့၏ ONE မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည့် အောင်လအန်ဆန်အတွက် ချန်ပီယံဆုအား ပြန်လည်စိန်ခေါ်နိုင်ရန်အတွက် ပထမခြေလှမ်းအဖြစ် ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်သည် ကမ္ဘာ့ချန်ပီယံဟောင်းများဖြစ်ပြီး သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ပွဲစီအပြန်အလှန် အနိုင်ရထားပြီး အောင်လအန်ဆန်သည် ဘစ်ဒက်ရှ်နှင့် ဒုတိယအကြိမ်တွေ့ဆုံသည့်ပွဲတွင် အမှတ်ဖြင့် အနိုင်ရကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်း ဖြစ်သည်။




အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ကို ၂၀၁၇ ဇွန်လက ရန်ကုန်မြို့၌ မထိုးသတ်မီ တွေ့ရစဉ်။

အောင်လအန်ဆန်သည် ၂၀၂၀ အောက်တိုဘာလက ထိုးသတ်သည့်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအား လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ပွဲမှ အနိုင်ရသူမှာ ဒီရစ်ဒါအား စိန်ခေါ်ထိုးသတ်ခွင့်ရဖွယ်ရှိနေသည်။ ONE Championship သည် ဖေဖော်ဝါရီတွင် ပြိုင်ပွဲ လေးခု ကျင်းပရန် စီစဉ်ထားပြီး ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများတွင် ချန်ပီယံကာကွယ်ပွဲများနှင့် နာမည်ကြီးကစားသမားများ၏ စိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင်ပြုလုပ်မည့် ONE ON TNT III အမည်ရပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်ပွဲကို အဓိကတွဲဆိုင်းအဖြစ် ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

❍ ကျောဖုံးမှ

သတင်းများအရ ခရစ္စတယ်ပဲလေ့စ်နှင့် မာဆေးလ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော လက်စတာအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဂရေးကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

မန်ယူတောင်ပံကစားသမား ပယ်လီစထရီသည် အတွေ့အကြုံကောင်းများရရှိရန် အလို့ငှာ ယခုတစ်ပတ်အတွင်း အငှားထွက်ကစားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပယ်လီစထရီသည် အောက်တိုဘာလတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော်လည်း ပထမအသင်းနှင့် ပွဲဦးထွက်ကို ကစားထားရခြင်းမရှိသေးကြောင်း သိရသည်။ အဆိုပါဆယ်ကျော်သက်ကစားသမားကို ကလပ်ဘရုဂ်နှင့် အလာဗက်စ်တို့က ရာသီကုန်အထိ အငှားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

လက်စတာအသင်းက ခေါ်ယူရန် ကာလရှည်ပစ်မှတ်ထားနေသည့် ဘန်လေအသင်းမှ ဂျိမ်းစ်တာကောစကီးကို ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်မည်ဟု မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၈ နှစ်အရွယ်ရှိ အင်္ဂလန်ခံစစ်ကစားသမား၏ ဘန်လေအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၁၇ လ ကျန်ရှိနေသေးကြောင်း သိရသည်။ ၎င်းသည် ယခင်က လက်စတာနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ကမ်းလှမ်းမှုကို ပယ်ချဖူးကြောင်း သိရသည်။

**အောင်ဇော်**

❂ ကျောဖုံးမှ

ရက်ရှ်ဖို့ဒ်၊ ကွင်းလယ်အဖျက်တွင် ပေါ့ဂ်ဘာနှင့် မာတစ်၊ နောက်ချန် တိုက်စစ်တွင် ဘရူနိုဖာနန်ဒက်စ်တို့ ပါဝင်ခဲ့သည်။ ညဲ့သည် ရှက်ဖီးလ်ယူနိုက်တက်သည် ၃-၅-၂ ကစားကွက်ဖြင့် တိုက်စစ်တွင် မက်စ်ဂိုး ဒရစ်ခ်နှင့် ဘိုင်လီရှက်ပ်တို့ပါဝင်ခဲ့ပြီး ကွင်းလယ်တွင် ဘရိုင်ယန်၊ ဂျွန်ဖရက်ခ်၊ အိုလီဗာနော့ဝုဒ်၊ ဂျွန်လန့်စထရွန်းနှင့် ဂျော့ဘဲလ်ဒွေါခ်တို့ ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၃ မိနစ်တွင် ဂျွန်ဖလက်ခ်ဖန်တီးမှုမှတစ်ဆင့် ဘရိုင်ယန်က ရှက်ဖီးလ်ယူနိုက်တက်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို တစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၆၄ မိနစ်တွင် မက်ဂွိုင်းယားက မန်ယူအတွက် ချေပဂိုးသွင်းယူကာ လက်ကျန်ပွဲချိန်ကို အသက်သွင်းပေးခဲ့သည်။ ညဲ့သည် ရှက်ဖီးလ်ယူနိုက်တက်၏ ဒုတိယပိုင်း တိုက်စစ်ဆင်မှုမှာလည်း ပြင်းထန်ခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် အဖိုးတန်ဂိုးကို လူစားဝင်ကစားသမား အိုလီဗာဘာကီက သွင်းယူပေးသည်။ ရှက်ဖီးလ်ယူနိုက်တက်အတွက် ယနေ့ပွဲ အနိုင်ရလဒ်သည် ယခုနှစ်ရာသီ တန်းဆင်းရမည့်အခြေအနေအတွက် သိက္ခာဆယ်ပွဲဖြစ်ခဲ့သည်။ နည်းပြဆိုးလ်ရှားနှင့် မန်ယူအသင်းအတွက် အဆိုးဆုံးနေ့ဖြစ်ခဲ့ပြီး အိမ်ကွင်းတွင် အောက်ဆုံးအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**မန်ယူအသင်းသည် ရမှတ် ၄၀ ရရှိထား**

ယင်းပွဲတွင် မန်ယူအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာလည်း ၁၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ရာ တိုက်စစ်မှူးများ၏ အဆုံးသတ်မသေချာမှုကြောင့် လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ရှက်ဖီးလ်ယူနိုက်တက်သည် တန်ပြန်တိုက်စစ်ဖြင့် ငါးကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲစဉ်(၂၀) ယှဉ်ပြိုင်အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၄၀ ရရှိထားပြီး မန်စီးတီးအသင်းက တစ်ပွဲလျော့ တစ်မှတ်အသာဖြင့် ဇယားထိပ်ကို တက်ရောက်ခွင့်ရခဲ့သည်။ ရှက်ဖီးယူနိုက်တက်သည် ပွဲစဉ်(၂၀)ယှဉ်ပြိုင် အပြီးတွင် နှစ်ပွဲသာ အနိုင်ရရှိထားကာ ရမှတ် ရှစ်မှတ်ဖြင့် တန်းဆင်းဇုန် အောက်ဆုံးတွင်ရပ်တည်နေပြီး အနိုင်ရရှိသည့်နှစ်ပွဲမှာ တစ်ချိန်က အောင်မြင်ကျော်ကြားခဲ့သည့် နယူးကာဆယ်နှင့် မန်ယူအသင်းတို့ ဖြစ်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၀)မှ အခြားပွဲစဉ်ရလဒ်များအဖြစ် ဘန်လေက အက်စ်တွန်ဗီလာကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး နည်းပြသစ်တူချယ်လ်၏ ချယ်ဆီးအသင်းသည် အိမ်ကွင်းတွင် ဝုလ်ကို ဂိုးမရှိသရေကျခဲ့သည်။ ဘရိုက်တန်နှင့် ဖူလ်ဟမ်ပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး အဲဗာတန်နှင့် လက်စတာပွဲတွင်လည်း တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ **သီဟ**

# စစ်တွေမြို့၌ မီးလောင်မှု ဖြစ်ပွား နေအိမ်ငါးလုံးဆုံးရှုံး

**စစ်တွေ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ မကျဉ်းမြိုင်အကွက်(၉)ရပ်ကွက်၌ ကြက်မွေးမြူရေးအရောင်းဆိုင် တစ်ဆိုင်နှင့် လူနေအိမ်ငါးလုံးတို့ကို ယမန်နေ့ ည ၉ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားသည်။



မီးလောင်မှု ဖြစ်ပွားရာနေရာသို့ မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ရှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၉ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုမှာ ကြက်မွေးမြူရေးအရောင်းဆိုင်တွင် ကြက်များကို အမွေးနုတ်ရန် ရေနွေးအိုးတည်ထားသည့် ထင်းမီးဖိုမှအနီးရှိ ဝါးထရံကာသို့ မီးကူးစက်ပြီး စတင်မီးလောင်မှုကြောင့် ကြက်မွေးမြူရေးအရောင်းဆိုင်တစ်ဆိုင်နှင့် လူနေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၂ ဦးတို့သည် ဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကြက်မွေးမြူရေးဆိုင်ပိုင်ရှင် ဦးအာလီ(၄၂နှစ်)ကို စစ်တွေမြို့ မင်းဂံနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ ပူးပေါင်းအင်အား ၃၀၀ ဖြင့် လိုက်လံရှာဖွေခဲ့ရာ ဝိုင်းမော်မြို့နယ်တွင် ၂၁ ဧကခန့်နှင့် တနိုင်းမြို့နယ်တွင် ၃၈ ဧကခန့် စုစုပေါင်း ၅၉ ဧကခန့်တွေ့ရှိသဖြင့် ပူးပေါင်းဖျက်ဆီးဆောင်ရွက်နေစဉ်။

ကျော်ထက်(ပြန်/ဆက်)

# ပြင်ဦးလွင်၌ ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**အရေးယူထား**


ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် သတင်းအရ ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာအနီး မိုးကုတ်-ပြင်ဦးလွင်သွား ကားလမ်းတွင် မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ခိုင်စိုးထွေး မောင်းနှင်ပြီး ဇော်ရှိန်းနှင့် သော်ဇင်ထွန်းတို့ လိုက်ပါလာသည့် ၁၂ဘီး မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်၏ နောက်ဘော်ဒီအရှေ့ပိုင်းတွင် ထည့်သွင်း သယ်ဆောင်လာသည့် အိုက်စ် ၄၈၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး(ယာပုံ) စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော အိုက်စ်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မန်တုံမြို့နယ် လွယ်ကန်ကျေးရွာနေ သန်းအောင်နှင့် ညီဖြစ်သူ ကြာအောင်တို့မှ မိုင်းရယ်မှ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်သို့ သယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



# ဂျိုးဘိုင်ဒင်နှင့် သမ္မတပူတင်တို့ နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်ကို သက်တမ်းတိုးရန်သဘောတူ


ရုရှားသမ္မတ ဗလာဒီမာပူတင်


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

**ဝါရှင်တန် ဇန်နဝါရီ ၂၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့သည် အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား နောက်ဆုံးကျန်ရှိသည့် နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်ကို သက်တမ်းတိုးရန် သဘောတူလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဂျိုးဘိုင်ဒင် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှ စတင်ကာ ပထမဆုံးအကြိမ်အဖြစ် ခေါင်းဆောင်နှစ်ဦး တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။ တယ်လီဖုန်းဆက်သွယ်မှုအတွင်း လာမည့်ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည့် နျူကလီးယားလက်နက် ထိန်းချုပ်ရေး သဘောတူစာချုပ်အရေး ဆွေးနွေးခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်သည် တစ်ကမ္ဘာလုံးဆိုင်ရာ လက်နက်ထိန်းချုပ်ရေး၏ အုတ်မြစ်သဖွယ်အရေးကြီးသည်ဟု နိုင်ငံတကာက သတ်မှတ်ထားသည်။

အဆိုပါစာချုပ်အရ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံလုံးက ဖြန့်ကြက်နိုင်သည့် မဟာဗျူဟာကျသည့် နျူကလီးယားဒုံးကျည်ထိပ်ဖူးများ၊ ဒုံးကျည်များနှင့် ဗုံးကြဲလေယာဉ်များ၏ အရေအတွက်ကို ကန့်သတ်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ယခုနှစ်နွေရာသီ၌ တိုကျိုအိုလံပစ်အားကစားပွဲ အောင်မြင်အောင် လုပ်ဆောင်မည်ဟု အိုင်အိုစီဥက္ကဋ္ဌ ကတိပြု

**တိုကျို ဇန်နဝါရီ ၂၈**

ယခုနှစ်နွေရာသီတွင် ကျင်းပရန် စီစဉ်နေသည့် တိုကျိုအိုလံပစ်အားကစားပွဲကို ဘေးကင်းစွာဖြင့် အောင်မြင်ဖြစ်မြောက်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်က ကတိပြုခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)၏ ယခုနှစ်အတွက် ပထမဆုံးအမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်က အွန်လိုင်းမှ ကျင်းပခဲ့သည်။ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲ၌ သောမတ်စ်ဘတ်ချ်က ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အိုလံပစ်အားကစားပွဲများ ကျင်းပရန် မသေချာမရေရာသည့် သတင်းများနှင့် အားကစားပွဲ ရွှေ့ဆိုင်းမည်ဆိုသော သတင်းအများအပြား ပေါ်ထွက်နေသည်မှာ အမှန်ပင်ဖြစ်ကြောင်း ၎င်းက အသိအမှတ်ပြုပြောကြားခဲ့သည်။


နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်

အိုလံပစ် အားကစားပွဲနှင့် ပတ်သက်၍ ထင်ကြေးပေးပြောဆိုမှုများအားလုံးသည် အားကစားသမားများ၏ ကြိုတင်ပြင်ဆင်ကြိုးပမ်းနေမှုများကို ထိခိုက်စေကြောင်း၊ အိုလံပစ်အားကစားပွဲများကို လာမည့် ၂၀၃၂ သို့ ရွှေ့ဆိုင်းလိုက်ပြီဆိုသော သတင်းများနှင့် အခြားမြို့ကြီးတစ်ခုတွင် ပြောင်းလဲကျင်းပမည်ဆိုသော သတင်းများမှာ မဟုတ်မမှန် သတင်းများသာဖြစ်ကြောင်း အိုင်အိုစီဥက္ကဋ္ဌက ပြောသည်။

သို့ဖြစ်ရာ အိုင်အိုစီအနေဖြင့် လာမည့်လအစောပိုင်းတွင် ဂျပန်နိုင်ငံကို မည်သို့လာရောက်ရန်၊ ရောဂါကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန် စသည်ဖြင့် အားကစားပွဲများကျင်းပမှုနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်မည်ဖြစ်ကြောင်းနှင့် လာမည့် ဇူလိုင် ၂၃ ရက်တွင် အိုလံပစ်အားကစားပွဲကို ဖြစ်မြောက်စွာ ကျင်းပနိုင်ရေးအတွက် အိုင်အိုစီက အပြည့်အဝအာရုံစိုက်လျက်ရှိကြောင်း သောမတ်စ်ဘတ်ချ်က ကြေညာလိုက်သည်။

အင်န်အိတ်ချ်ကေ

## အင်္ဂလန်၌ စာသင်ကျောင်းများကို မတ်လအစောပိုင်းအထိ ဆက်လက်ပိတ်ထားမည်

**လန်ဒန် ဇန်နဝါရီ ၂၈**

အင်္ဂလန်၌ ဖေဖော်ဝါရီလယ်လောက်တွင် ပြန်ဖွင့်ရန် စီစဉ်ထားသည့် စာသင်ကျောင်းများကို ဆက်လက်ပိတ်ထားပြီး လာမည့် မတ်လအစောပိုင်းအထိ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ကန့်သတ်ပိတ်ဆို့မှုကိုဖယ်ရှားရန် အချိန်ကာလနှင့် ပတ်သက်၍ ဆုံးဖြတ်ရန် လုံလောက်သည့်အချက်အလက်များ မရရှိသေးကြောင်း ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က ဇန်နဝါရီ ၂၇ ရက်တွင် ပါလီမန်လွှတ်တော်၌ ပြောကြားခဲ့သည်။

အသွင်ပြောင်း ကိုဗစ်- ၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ဖြစ်ပွားမှုနှင့် အတူ ပြင်းထန်သည့်အခြေအနေများကို ဆက်လက်ရင်ဆိုင်နေရသည့် ဗြိတိန်နိုင်ငံ၌ စာသင်ကျောင်းများတွင် ကျောင်းသားအများစုကို အဝေးမှသင်ကြားသည့်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအတွင်း ဇန်နဝါရီ ၂၇ ရက်တွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၀၀ ကျော်ရှိခဲ့သည်။ ယခုအခါ ကိုဗစ်- ၁၉ ကြောင့် တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက်စုစုပေါင်း တစ်သိန်းကျော်ပြီဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ ဇန်နဝါရီ ၂၈**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းတွင် ဇန်နဝါရီ ၂၇ ရက်က မီးတောင်ပေါက်ကွဲမှုတစ်ခု ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ဝမှ ချော်ရည်ပူများ လျှံထွက်ခဲ့ပြီး ပြာပူများမှုတ်ထုတ်ခဲ့ကြောင်း သဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ရာဒီတရာဂျာတီက ပြောသည်။ ဇန်နဝါရီ ၂၇ ရက်တွင် မီးတောင်မှ ပြာမှုန်များနှင့် ချော်ရည်ပူများ မှုတ်ထုတ်မှု ၃၆ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက မီးတောင်ပေါက်ကွဲမှုအန္တရာယ် သတိပေးချက်အဆင့် ဒုတိယအမြင့်ဆုံးဖြစ်သည့် အဆင့်သုံးသို့ သတ်မှတ်ထားရှိခဲ့ပြီး မီးတောင်ဝမှ ငါးကီလိုမီတာအနီးတစ်ဝိုက်ဧရိယာကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသည်။ အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်သည် နိုင်ငံ၏ လှုပ်ရှားသက်ဝင်မှုအရှိဆုံး မီးတောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၂၉၆၈ မီတာတွင် တည်ရှိသည်။

မီရာပီမီးတောင်သည် ၂၀၁၀ ပြည့်နှစ်က တစ်ကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုအတွင်း လူရာနှင့်ချီ သေဆုံးခဲ့ရသည်။ လတ်တလောတွင် မီးတောင်မှ ပြာမှုန်များ လွင့်စဉ်မှုဖြစ်နိုင်သည့်အတွက် နေအိမ်ပြင်ပသို့ မထွက်ကြရန် မီးတောင်အနီးရှိ ဒေသခံပြည်သူများအား သတိပေးထားကြောင်း သိရသည်။

ဆင်ဟွာ


အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီ မီးတောင်ပေါက်ကွဲမှုမြင်ကွင်းကို တွေ့ရစဉ်။

## တောင်ဆူဒန်ရှိ ပြည်သူ ၈ ဒသမ ၃ သန်းအထိ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေ

**ဂျီနီဗာ ဇန်နဝါရီ ၂၇**

တောင်ဆူဒန်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် ပြည်သူအရေအတွက်သည် ပြီးခဲ့သည့်နှစ်က ၇ ဒသမ ၅ သန်းရှိခဲ့ရာမှ ၈ ဒသမ ၃ သန်းအထိ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းက ဇန်နဝါရီ ၂၆ ရက်တွင် ဖော်ပြသည်။

ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်သည့် တောင်ဆူဒန်၌ လူဦးရေစုစုပေါင်း ၁၁ သန်းကျော်ရှိသည်။ နှစ်ရှည်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများနှင့် လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်- ၁၉ ကူးစက် ဖြစ်ပွားမှုအခြေအနေများကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်လာသူများတွင် ဒုက္ခသည်များနှင့် ခိုလှုံရာရှာဖွေသူ ၃၁၀၀၀၀ ပါဝင်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုရုံးက ပြောကြားခဲ့သည်။ လာမည့် ၂၀၂၁ ခုနှစ်တွင် ပြည်သူ ၇ ဒသမ ၂ သန်းကျော် အစာရေစာ မလုံလောက်မှု ဆိုးဆိုးရွားရွား ခံစားရနိုင်ဖွယ် ခန့်မှန်းထားကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ရေလွှမ်းမိုးမှုကြောင့် ပြည်သူတစ်သန်းနီးပါးအထိ ထိခိုက်ခံစားခဲ့ရသည်။ ကျန်းမာရေးစနစ်အားနည်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းမှုတို့ကြောင့် ကပ်ရောဂါကို ရင်ဆိုင်ရာတွင် ကိုယ်ခံအားစနစ်ကြွံခိုင်မှု မရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ပေကျင်းအရာရှိများ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် နောက်ထပ်ဆောင်ရွက်ချက်များ အကောင်အထည်ဖော်

ပေကျင်း ဇန်နဝါရီ ၂၈

**အားလပ်ရက်ခရီးသွားရာသီမတိုင်မီ တရုတ်နိုင်ငံမြို့တော်ပေကျင်းရှိ အရာရှိများသည် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် နောက်ထပ်ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်လျက်ရှိသည်။**

မြို့တော်အရာရှိများသည် မတ်လတွင် ပေကျင်း၌ ကျင်းပမည့် အမျိုးသားပြည်သူ့ကွန်ဂရက်ပြီးနောက် တရုတ်နှစ်သစ်ကူး ခရီးသွားရာသီ စတင်တော့မည်ဖြစ်ရာ ကိုဗစ်– ၁၉ သတိပေးမှုများကို ထုတ်ပြန်ထားသည်။

ပေကျင်းမြို့တော် အာဏာပိုင်များက တင်းကျပ်သည့် ကိုဗစ်– ၁၉ ကန့်သတ်ချက်များကို အကောင်အထည်ဖော်လျက်ရှိရာ ယင်းကန့်သတ်ချက်များသည် မတ် ၁၅ ရက်အထိ သက်ရောက်မှုရှိမည်ဖြစ်သည်။

အထူးသဖြင့် တရုတ်နိုင်ငံ တခြားဒေသများမှ ပေကျင်းသို့ လာရောက်သူများအနေဖြင့် ကိုဗစ်– ၁၉ ကင်းစင်ကြောင်း စစ်ဆေးထားသည့် ပီစီအာရ်ရလဒ်ကို ပြသရမည်ဖြစ်သည်။

| ၃။ | ဘရာဇီး | ၉၀၀၀၄၈၅ | ၇၇၉၈၆၅၅ | ၂၂၀၂၃၇ |
| ၄။ | ရုရှား | ၃၇၉၃၈၁၀ | ၃၂၂၉၂၅၈ | ၇၁၆၅၁ |
| ၅။ | ဗြိတိန် | ၃၇၁၅၀၅၄ | ၁၆၇၃၉၃၆ | ၁၀၁၈၈၇ |
| ၆။ | ပြင်သစ် | ၃၁၀၆၈၅၉ | ၂၂၀၅၇၀ | ၇၄၄၅၆ |
| ၇။ | တူရကီ | ၂၄၄၉၈၃၉ | ၂၃၃၁၃၁၄ | ၂၅၄၇၆ |
| ၈။ | အီတလီ | ၂၅၀၁၁၄၇ | ၁၉၃၆၂၈၉ | ၈၆၈၈၉ |
| ၉။ | စပိန် | ၂၇၇၄၀၁၄ | စိစစ်ဆဲ | ၅၇၂၉၁ |
| ၁၀။ | ဂျာမနီ | ၂၁၈၂၉၄၈ | ၁၈၈၃၇၀၀ | ၅၅၅၀၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၁ – ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၃၇၉၉၃ | ၈၄၂၁၂၂ | ၂၉၃၃၁ |
| ဖိလစ်ပိုင် | ၅၁၉၅၇၅ | ၄၇၅၅၉၆ | ၁၀၅၅၂ |
| မလေးရှား | ၁၉၈၂၀၈ | ၁၅၄၂၉၉ | ၇၁၇ |
| မြန်မာ | ၁၃၉၁၅၂ | ၁၂၃၅၅၆ | ၃၁၀၃ |
| စင်ကာပူ | ၅၉၄၂၅ | ၅၉၁၀၄ | ၂၉ |
| ထိုင်း | ၁၆၂၂၁ | ၁၁၂၈၇ | ၇၆ |
| ဗီယက်နမ် | ၁၅၅၃ | ၁၄၃၀ | ၃၅ |
| ကမ္ဘောဒီးယား | ၄၆၁ | ၄၂၈ | ၀ |
| ဘရူနိုင်း | ၁၈၀ | ၁၇၀ | ၃ |
| လာအို | ၄၄ | ၄၁ | ၀ |

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၂ | ကွမ်လုံ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၃၅၇ | ၁၁ | ၃ | ၃ | ၁၀ | ၇ | ၀ | ၈ | ၁၀ | ၂၈ | ၇ | ၂ | ၄ | ၅ | ၁၂ | |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | | |
| ၁၉၃ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၄ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၅ | ကျိုင်းတုံ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၆ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၇ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၈ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၉၉ | မိုင်းဆတ် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၁၄၆ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | | |
| ၂၀၀ | လွိုင်ကော် | ၆၄ | ၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၂၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၂၀၂ | ဒီမောဆို | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၇၁ | ၁ | ၂ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၁၃,၈၈၀၂ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၂၃ | ၄၂၂ | |

**မှတ်ချက်။**
- (၂၇-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၂) မြို့နယ် ရှိပြီဖြစ်ပါသည်။
- အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များ ဖြစ်ပါသည်။

* တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၂) ဦး၊ စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦး တို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

** စာရင်းဇယားအနည်းငယ်ကွာခြားမှုမှာ သက်ဆိုင်ရာမြို့နယ်၏ ဓာတ်ခွဲအတည်ပြုလူနာစာရင်းအား စိစစ်၍ နေ့ရက်အလိုက် ပြန်လည်ဖြည့်စွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။


အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၂၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှ စ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန တွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ သတင်းစဉ်



# ဆောင်းခိုလာသည့် ရွှေဟင်္သာငှက်အကောင်ရေ ၃၀၀ကျော် မကွေးမြို့နယ် ဧရာဝတီမြစ်ကမ်းအနီး လာရောက်နားခို

**မကွေး ဇန်နဝါရီ ၂၈**

ရေကြည်ရေသန့်နှင့် ရေညှိများ ပေါကြွယ်ဝသည့် မကွေးမြို့ ဧရာဝတီမြစ်ကမ်းအနီး၌ ဆောင်းခိုလာသည့် ရွှေဟင်္သာငှက်အကောင်ရေ ၃၀၀ ကျော် လာရောက်နားခိုနေကြောင်း မကွေးမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင်ဝင်းထံက သိရသည်။

"ရွှေဟင်္သာတွေက နှစ်တိုင်း ဒီဇင်ဘာလ နောက်ဆုံးပတ်ဆို ရောက်ပြီ။ ဒီနှစ် အကောင် ၃၀၀ ကျော်လောက် ရောက်တယ်။ မစုံသေးတာဖြစ်မယ်။ မနှစ်က အကောင်ရေ ၅၀၀ လောက် ရောက်တယ်။ တဖြည်းဖြည်းနဲ့ ရောက်လာကြတာဆိုတော့ ထပ်ပြီးရောက်လာဦးမှာ။ သူတို့က အစာအတွက် လာကြတာ။ ရေကြည်ရေသန့်ကလည်း ရှိတယ်လေ"ဟု မကွေးမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင်ဝင်းက ပြောသည်။

ရောက်ရှိလာသည့် ရွှေဟင်္သာများမှာ အုပ်စု သုံးစုခွဲ၍ နေကြပြီး မနက်ရောင်နီလာစတွင် တစ်ကြိမ် ၊ မွန်းတည့် ၁၂ နာရီခန့်တွင် တစ်ကြိမ်၊ ညနေခင်း နေဝင်ရီအချိန်၌ တစ်ကြိမ် အစာရှာ၊ ရေချိုးလေ့ရှိကြောင်း၊ ဟင်္သာတို့၏ စရိုက်မှာ စီးနေသည့် မြစ်ရေပြင်ကြီးများထက် ရေကြည်ရေသန့်နှင့် ရေညှိပေါသည့် ချောင်းချိုး၊ မြစ်ချိုးကဲ့သို့ အကွေ့နေရာလေးများတွင် ဆောင်းခိုလေ့ရှိကြောင်း၊ ညအိပ်သည့်အခါ ရေအိုင်နှင့် မနီးမဝေး ကျင်းချိုင့်လေးများနှင့် သစ်ပင်ငယ်များအောက်တွင် နေလေ့ရှိကြောင်း သိရသည်။

" ဒေသခံတံငါတွေနဲ့ မြစ်ရိုး၊ ချောင်းရိုးနေတဲ့သူတွေကို မေးကြည့်လိုက်တဲ့အခါမှာ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ရောက်ပြီး ဧပြီလဆို ပြန်တယ်လို့ သိရတယ်။ ပြန်သွားတဲ့နေရာကိုတော့ မသိကြသေးဘူး။ ဟင်္သာတွေက ရေညှိပဲစားတာ။ ဒေသခံတွေကိုယ်တိုင်ကလည်း ဟင်္သာတွေဆိုချစ်တယ်။ အသားမစားလို့"ဟု မြို့နယ်ဦးစီးအရာရှိ ဦးတင်ဝင်းက ပြောသည်။

ရွှေဟင်္သာများမှာ ထာဝစဉ်ကာကွယ်ထားသည့် တိရစ္ဆာန်စာရင်းထဲတွင် ပါဝင်ပြီး သတ်ဖြတ်စားသောက်၍ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ထောင်ဒဏ် ခုနစ်နှစ်မှ ၁၀ နှစ်အထိ၊ ငွေဒဏ် ၁၀ သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်နိုင်ကြောင်း၊ ယမန်နှစ်က ငှက်မုဆိုးများလာသည်ဟု သတင်းရသည့်အတွက် ယခုနှစ်တွင် သစ်တောဦးစီးဌာနက ကြိုတင်စောင့်ရှောက်နေပြီး ဒေသခံများကိုလည်း ညှဉ်းပန်းနှိပ်စက်ခြင်းမပြုရန် စည်းရုံးသိမ်းသွင်း အသိပညာပေးနေကြောင်း သိရသည်။

မကွေးမြို့နယ်အတွင်း၌ ဆောင်းခိုလေ့ရှိသည့် ရှားပါးငှက်မျိုးစိတ်လေးများကို လေ့လာစာရင်းပြုစုနေပြီး ရေပျော်ငှက်များ ၊ ဆောင်းခိုငှက်များ ရောက်နေသည့်နေရာကို တောအုပ်ကြီးတစ်ဦး ၊ တောအုပ်တစ်ယောက် ၊ တောခေါင်းတစ်ဦး ၊ လှည့်ကင်းများထားကာ တာဝန်ချထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနက သိရသည်။

**ဇေယျာတု(မကွေး)**






အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈- ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ | ကျပ် | ၆၉၅/၇၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ | ကျပ် | ၇၁၀/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ | ကျပ် | ၆၉၀/၆၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၁၅ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၆ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၁ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၁၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၃၂၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၆၀၀ | ၄၀၅ | ၃၉၂၈၁၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၅၃၂၀ | ၂၀၄၉၂၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၄ | ၃၁၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၈၅ | ၂၂၉၅၀၀ |
| EFR | ၃၇၀၀ | ၃၆၀၀ | ၈၉၂ | ၃၂၁၆၈၀၀ |

ခင်ရတနာ – စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုလိုနီခေတ် မြေထည်၊ စဉ့်ထည်လုပ်ငန်းများ

သိပ္ပံစာရေးဆရာကိုကိုအောင်

**မြန်မာ့သမိုင်းတစ်လျှောက် မြေထည်လုပ်ငန်းများ**

မြန်မာတို့သည် ပျူခေတ်ကပင် မြေအိုးမြေထည်များကို လုပ်တတ်ကြပြီး အုတ်ဖုတ်လုပ်ငန်းတွင်လည်း ကျွမ်းကျင်ကြသည်။ ၁၁ ရာစုခန့်မှစ၍ စဉ့်သုတ် မြေထည် စဉ့်အိုးစဉ့်ခွက်များကို ထုတ်လုပ်နိုင်ခဲ့ကြသည်။ မုတ္တမအိုး၊ ပဲခူးအိုးဟု ခေါ်တွင်သော စဉ့်အိုးကြီးများကို ၁၃ ရာစုခန့်ကတည်းကပင် ပြည်ပနိုင်ငံများက သိကြ၊ သုံးနေကြပြီဖြစ်သည်။ ဒေသအလိုက်နှင့် ထွက်ရှိသောမြေ အမျိုးအစား အလိုက် မြေအိုးမြေထည်များကို ပုံစံအမျိုးမျိုးဖြင့် ပြည်တွင်းသုံး ထုတ်လုပ်ကြရာ ထွက်ကုန်ပစ္စည်းများကို အမျိုးအစားသုံးမျိုး ခွဲခြားနိုင်သည်။

ပထမအမျိုးအစားမှာ ဈေးအလွန်ချိုသော မြေထည်များဖြစ်ကြပြီး ပုစွန် မြောင်း၊ ဇာသပြင်၊ ညောင်ပင်ဆိပ်၊ ရွှေဂူ၊ လက်သစ်တို့မှ အများဆုံးထွက်ရှိသည်။ ညောင်ပင်ဆိပ်တွင် အိမ်မိုးအုတ်ကြွပ်များကိုလည်း ထုတ်လုပ်ခဲ့သည်။ ထိုကဲ့သို့ သော မြေအိုးမြေထည် အကြမ်းစားများကို ရပ်သုံးရွာသုံးအတွက် ထုတ်လုပ်ပေး သည့် အခြား ကျေးရွာဒေသများလည်းရှိရာ တွံတေး၊ မုပွန်၊ ရွှေဘိုကျောက်မြောင်း တို့သည် စဉ့်အိုးစဉ့်ခွက်များထုတ်လုပ်ရာ ထင်ရှားသောဒေသများ ဖြစ်ခဲ့သည်။ ပျဉ်းမနား၊ ရွှေဂူ၊ လှိုင်လင်တို့မှာ မြေထည်စဉ့်သုတ် အချောထည်၊ လက်ဖက်ရည် ကရား၊ ညောင်ရေအိုး စသည့်ပစ္စည်းများ ထွက်ရှိရာဒေသများအဖြစ် ထင်ရှားခဲ့ ကြသည်။ အိုးထိန်းစက်(Potters Wheel)ကိုသုံး၍ မီးဖုတ်သော ရှေးသမားရိုးကျ နည်းဖြင့်ပင် ထုတ်လုပ်ကြသဖြင့် ရပ်သုံးရွာသုံး ပြည်တွင်းသုံးအဆင့်ထက် မတိုးတက်နိုင်ဘဲ ရှိခဲ့ကြသည်။ ကိုလိုနီခေတ်တွင် ပြည်ပမှ ကြွေထည်ဖန်ထည် နှင့် ဒန်အိုးဒန်ခွက်တို့ ဝင်ရောက်လာသောအခါ ရိုးရာအိုးလုပ်ငန်းမှာ ပျောက် ကွယ်မသွားသည့်တိုင် ရက်ကန်းလုပ်ငန်းကဲ့သို့ပင် မေးမှိန်ကျဆင်းသွားလေ တော့သည်။

**ကိုလိုနီခေတ် မြေထည်လုပ်ငန်းများ**

မြန်မာ့အိုးလုပ်ငန်းကို ခေတ်မီတိုးတက်စေရန်အတွက် ခေတ်မီနည်းပညာ များ လိုအပ်သည်ဖြစ်ရာ အိုးလုပ်မည့် မြေအမျိုးအစားကို ဓာတ်ခွဲစမ်းသပ်ပြီး မြေအမျိုးအစားများကို ရောနှောပေါင်းစပ်ခြင်းစသော သုတေသနလုပ်ငန်း များကိုလုပ်ရန် လိုအပ်သလို အိုးဖုတ်သည့်မီးဖိုကို ပြုပြင်ရန်နှင့် အသုံးပြုသော လောင်စာ အကုန်အကျသက်သာစေရန် စသည်တို့ကလည်း အရေးကြီးလှသည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာန ဝန်ထောက် မစ္စတာမောရစ်သည် စပါးခွံ ကို လောင်စာအဖြစ် အသုံးပြုနိုင်မည့် မီးလင်းဖိုကို တီထွင်စမ်းသပ်သကဲ့သို့ အိုးလုပ်ငန်း ကျွမ်းကျင်ပညာရှင် မစ္စတာနစ်ကိုလပ်ကလည်း လောင်စာသက်သာ ခြိုးခြံနိုင်မည့် မီးလင်းဖိုမျိုးကို တီထွင်ကြံဆခဲ့သည်။

ထို့ပြင် မြေထည်လုပ်ငန်းများ လက်တွေ့စမ်းသပ်ရန်နှင့် သင်ကြားပို့ချရန် အင်းစိန် အင်ဂျင်နီယာကျောင်း၌ မြေထည်လုပ်ငန်းဌာနကိုဖွင့်လှစ်၍ မြေထည် ကျွမ်းကျင်သူ အရာရှိက ဦးစီးကာ အိုးထွက်ရာဒေသများမှ မြေများကို ဓာတ်ခွဲ စမ်းသပ်ပေးခဲ့သည်။ သထုံခရိုင် ရင်းငြိမ်ဒေသ၊ ပခုက္ကူခရိုင် ကျောက်တပ်ဒေသ၊ ရမည်းသင်းခရိုင် လက်ပံနှင့် အင်းတော်ကလေးဒေသ၊ ရွှေကျင်ခရိုင် ကုသိန္နာရုံ ဒေသ၊ သာယာဝတီခရိုင် မင်းလှဒေသတို့မှ ထွက်ရှိသော မြေများတွင် ဆီလီကွန် ဒိုင်အောက်ဆိုဒ်၊ တိုက်တေနီယမ်အောက်ဆိုဒ်၊ အလူမီနီယမ် အောက်ဆိုဒ်၊ သံအောက်ဆိုဒ်၊ ကယ်လ်ဆီယမ်အောက်ဆိုဒ်၊ မဂ္ဂနီဆီယမ်အောက်ဆိုဒ်၊ ပိုတက် ဆီယမ်အောက်ဆိုဒ်၊ ဆိုဒီယမ်အောက်ဆိုဒ် ပါဝင်နှုန်းများကို စမ်းသပ်သည်။ ရင်းငြိမ်၊ ရမည်းသင်း၊ မင်းလှ၊ ပခုက္ကူတို့မှ မြေများသည် မြေဖြူမျိုး(White Clay)ဖြစ်ကြောင်း တွေ့ရှိရသည်။ မင်းလှမြေတွင် ကေအိုလင် ၄၇ ရာခိုင်နှုန်း ပါဝင်ပြီး ပခုက္ကူမြေတွင် ကေအိုလင် ၇၅ ရာခိုင်နှုန်းပါဝင်ကာ ထိုမြေများနှင့် ရောနှောပါရှိသောသဲသည် ဆေးထည့်ရန် ဖန်ပုလင်းများကို ပြုလုပ်နိုင်ကြောင်း ကိုလည်း တွေ့ရှိခဲ့သည်။

**မြေထည်လုပ်ငန်းများတိုးတက်ရန် ဆောင်ရွက်မှုများ**

ထိုသင်တန်း၌ မြေထည်များကို စဉ့်ရည်သုတ်နိုင်ရန် ဒေသအမျိုးမျိုးမှ ထွက်ရှိသော မြေထည်အမျိုးအစားအလိုက် စဉ့်ရည်စပ်နည်းများကို ညွှန်ကြား သင်ပြပေးခဲ့သည်။ မြေအမျိုးအစားအလိုက် ပြုလုပ်နိုင်မည့် ပစ္စည်းနှင့် ပြုလုပ် နည်းများကိုလည်း သင်ကြားပေးခဲ့သည်။ ပျဉ်းမနား၊ တွံတေး၊ မုပွန်၊ ညောင် ပင်ဆိပ်၊ ဇာသပြင်၊ ပုစွန်မြောင်း၊ ကျောက်မြောင်းနှင့် လှိုင်လင်မြို့တို့သို့ လှည့်လည်ကာ အကြံဉာဏ်များပေးခဲ့သလို Burma Pottery Works ခေါ် ဦးသော်ပန်းကန်စက်အတွက် လိုအပ်သောအကူအညီများကိုလည်း ပေးခဲ့သည်။

အင်းစိန် မြေထည်လုပ်ငန်း သင်ကြားရာဌာနတွင် ကျောင်းသားများကို ပညာသင်စရိတ်များပေး၍ အခြေခံ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပုံဆွဲပညာ၊ အိုးထိန်းဘီး အသုံးပြုနည်း၊ အုတ်နှင့်အုတ်ကြွပ် ပုံသွင်းခြင်း၊ မြေထည်များပုံသွင်းခြင်း၊ ဖိအား ပေးခြင်း၊ မြေထည်ဖုတ်ခြင်း၊ စဉ့်ရည်ပြုလုပ်နည်း၊ ကြွေရည်ပြုလုပ်နည်းနှင့် ကြွေထည်စဉ့်ထည်ဖုတ်နည်းများကို သင်ကြားပေးပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ ဦးသော်ပန်းကန်စက်မှ အလုပ်သမားအချို့ကိုလည်း သင်တန်း သို့စေလွှတ်ကာ ပညာသင်ယူစေခဲ့သည်။ အစိုးရဌာနရုံး အဆောက်အအုံများကို ဆောက်လုပ်ရန်အတွက် အုတ်ဖုတ်ပေးသော အစိုးရအုတ်လုပ်ငန်းဌာန(ကံဘဲ့) မှပေးပို့သော မြေကြီးများကိုလည်း စမ်းသပ်ပေးခဲ့သလို လက်ဖက်ရည်အိုး၊ ပန်းအိုး၊ ပန်းကန်ပြား၊ ကြွေကရားစသော ပစ္စည်းအမျိုးမျိုးကိုလည်း စမ်းသပ် ပြုလုပ်ပေးခဲ့သည်။

အိုးလုပ်ငန်းကျွမ်းကျင်ပညာရှင် မစ္စတာနီကိုလပ်သည် ၁၉၂၆ ခုနှစ် မတ်လ တွင် ထားဝယ်နှင့် မြိတ်မြို့ရှိ အိုးလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာပြီး ထိုဒေသ၌ အုတ်ဖုတ်လုပ်ငန်းစတင်နိုင်ရန် ကြိုးပမ်းနေသူများအား အကြံဉာဏ် များပေးခဲ့သည်။ ထိုခရီးစဉ်တွင် မစ္စတာနီကိုလပ်သည် မြိတ်မြို့မှ သုံးမိုင်ကွာ အရပ်၌ ဖန်ထည်လုပ်ငန်းအတွက် အရည်အသွေးအလွန်ကောင်းသော ကျောက် သလင်း(Quartz)၊ ကျောက်နှင့်သဲများရှိကြောင်း သိရှိခဲ့ရသည်။ ထိုနှစ်မေလတွင် မော်လမြိုင် အိုးလုပ်ငန်းများကိုလည်းကောင်း၊ ကျောက်မြောင်း အိုးလုပ်ငန်းများ ကိုလည်းကောင်း သွားရောက်လေ့လာခဲ့သေးသည်။ ထိုစဉ်က ကျောက်မြောင်း အနီးရှိ ရွှေဂွန်းတွင် အိုးသည်များ ကုန်ထုတ်သမဝါယမကို တည်ထောင်ပြီး ထုတ်လုပ်လျက်ရှိနေပြီဖြစ်သည်။

**အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာန၏ ဆောင်ရွက်ချက်**

မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းဖြစ်သော အိုးလုပ်ငန်းကို ခေတ်မီတိုးတက် အောင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနက ကျွမ်းကျင်ပညာရှင်ခန့်ထား၍ ကူညီသည်ဆိုသော်လည်း ထိရောက်မှုမရှိခဲ့ဟု ဆိုရမည်ဖြစ်သည်။ ကျွမ်းကျင် ပညာရှင်၏ အိုးလုပ်ငန်းဌာန ဓာတ်ခွဲခန်းတွင် ကြွေထည်မြေထည်သုံး ကုန်ပစ္စည်း အမျိုးမျိုးကို စမ်းသပ်ထုတ်လုပ် အောင်မြင်ခဲ့သော်လည်း စီးပွားဖြစ်လုပ်ငန်း ကြီးများ တည်ထောင်ပေါ်ထွန်းလာခြင်း မရှိခဲ့ပေ။ အင်းစိန်အင်ဂျင်နီယာ ကျောင်းရှိ ကြွေထည်မြေထည်လုပ်ငန်းဌာန၏ သင်တန်းများသို့ တက်ရောက် သင်ကြားခဲ့သူများသည် အိုးလုပ်ငန်းထွန်းကားရာ ဒေသများမှ ဖြစ်ကြကာ သင်တန်းမှတတ်မြောက်လာသော ပညာရပ်များဖြင့် ရပ်ရွာရှိ အိုးလုပ်ငန်းတွင် ပြုပြင်မှုအနည်းငယ်ကိုသာ လုပ်နိုင်ခဲ့ကြသည်။ မြေများကို ဓာတ်ခွဲစမ်းသပ်ပြီး ရောစပ်မှု၊ မီးလင်းဖိုပြုပြင်မှုများကို လက်တွေ့ မလုပ်နိုင်ခဲ့ကြပေ။ ထို့အတူ ခေတ်မီမြေကြိတ်စက်စသော စက်ပစ္စည်း ကိရိယာများကိုလည်း ဝယ်ယူအသုံး မပြုနိုင်ကြသဖြင့် မျှော်မှန်းသည့် ခေတ်မီတိုးတက်မှုကို မရနိုင်ဘဲဖြစ်ခဲ့သည်။ နိုင်ငံခြားမှတင်သွင်းသော ပစ္စည်းအမျိုးမျိုး၏ လွှမ်းမိုးမှုကို မတွန်းလှန်နိုင်သဖြင့် မြန်မာ့မြေထည် စဉ့်ထည်လုပ်ငန်းမှာ ကျေးလက်တောရွာသုံးအတွက်မျှသာ ဖြစ်နေခဲ့သည်။ အိုးလုပ်ငန်းဖြင့် အသက်မွေးသူများမှာလည်း ဝမ်းမဝ ခါးမလှ သော အခြေအနေတွင်ပင် သံသရာလည်နေခဲ့ကြရသည်။

အစိုးရ၏အကူအညီကလည်း ငွေကြေးအရင်းအနှီးအကူအညီ မဟုတ်သလို စက်ရုံအလုပ်ရုံ တည်ထောင်ပေးခြင်းမျိုးလည်း မဟုတ်ခဲ့ပေ။ ထို့ကြောင့်လည်း ကိုလိုနီခေတ်က စွန့်စွန့်စားစားကြိုးပမ်း၍ တည်ထောင်သော ဦးသော် ပန်းကန် စက်မှာ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ထို့အတူ ၁၉၂၅-၁၉၂၆ ခုနှစ်ခန့်က မြိတ်မြို့တွင် တီထွင်ကြိုးပမ်း တည်ဆောက်ခဲ့သော ဖန်ချက်လုပ်ငန်းတစ်ခု မှာလည်း တစ်နှစ်အတွင်းမှာပင် ရင်ဆိုင်းသွားခဲ့ရသည်။

**မအောင်မြင်ခဲ့သော ဖန်ချက်လုပ်ငန်း**

ကိုလိုနီခေတ်တွင် ပန်းကန်စက်တည်ထောင်သူ ဦးသော်ကဲ့သို့ပင် မြိတ်မြို့ တွင် ဖန်ချက်လုပ်ငန်းကို စွန့်စားတည်ထောင်သူတစ်ဦး ပေါ်ပေါက်ခဲ့သည်။ လင်ဦးခိုင်အမည်ရှိ သတ္တုတွင်းပိုင်ရှင်၊ ရော်ဘာခြံပိုင်ရှင် တရုတ်လူမျိုး ကုန်သည်ကြီးသည် ၁၉၂၅ ခုနှစ်ခန့်တွင် ဂျပန် ကျွမ်းကျင်ပညာရှင်တစ်ဦးကို ငှားရမ်းပြီး ဖန်ချက်စက်တစ်ခုကို တည်ထောင်ခဲ့သည်။ ထိုစက်ရုံမှ မီးအိမ် မှန်ပြောင်းများနှင့် ဖန်ခွက်များကို ထုတ်လုပ်နိုင်ခဲ့သည်။ ထုတ်လုပ်လိုက်သော ဖန်ပစ္စည်းများမှာ ကြည်လင်၍ အလားအလာကောင်းသော်လည်း မီးလင်းဖို၏ အပူရှိန်ပေးမှုက မမှန်သည့်အပြင် ပြန်နှပ်ရာ၌ လိုနေသေးသဖြင့် လေပူဖောင်း ကလေးများ ရှိနေခဲ့သည်။ ဖန်ရည်ကျိုရန်အတွက် အိုးများကို ဂျပန်နိုင်ငံမှ မှာယူတင်သွင်းရပြီး ထိုလုံအိုးများမှာ တန်ဖိုးကြီးသည့်အပြင် မကြာခဏ အသစ်လဲရန် လိုအပ်သောကြောင့် အရင်းအနှီးစိုက်ထုတ်မှုက များပြားလှသည်။ လုပ်ငန်းမှာ တစ်နှစ်ခန့်မျှသာခံပြီး အခြေမလှသဖြင့် ပိတ်သိမ်းလိုက်ရသည်။

အစိုးရကျွမ်းကျင်ပညာရှင် မစ္စတာနီကိုလပ်သည် ထိုဖန်ချက်စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့သည်။ လေ့လာတွေ့ရှိချက်များကို အစီရင်ခံသည်မှတစ်ပါး အစိုးရထံမှ မည်သည့်အကူအညီကိုမျှ မရခဲ့ပေ။ ဦးသော်ပန်းကန်စက်နှင့် လင်ဦးခိုင်၏ ဖန်ချက်လုပ်ငန်းတို့သည် ကိုလိုနီခေတ်မှ စွန့်စားကြိုးပမ်းချက် များဖြစ်ကြပြီး တစ်ခုတည်းသော ပန်းကန်စက်နှင့် တစ်ခုတည်းသော ဖန်ချက် လုပ်ငန်းတို့ပင် ဖြစ်ကြသည်။ ဦးသော်၏ပန်းကန်စက်မှာ အရှုံးနှင့် ရင်ဆိုင် ရသော်လည်း လုပ်ငန်းရပ်ဆိုင်းလိုက်ရသည့် အခြေအနေသို့ မရောက်ရအောင် ကြံ့ကြံ့ခံနိုင်ခဲ့သည်။ လင်ဦးခိုင်၏ ဖန်ချက်လုပ်ငန်းကမူ တစ်နှစ်မျှသာ လည်ပတ်ထုတ်လုပ်နိုင်ခဲ့သည်။

**မြန်မာ့ရိုးရာယွန်းလုပ်ငန်း**

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနက မြန်မာ့ရိုးရာ ယွန်းလုပ်ငန်းကို လည်း တိုးတက်ဖွံ့ဖြိုးစေရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ယွန်းလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြသော ဒေသများမှာ ပုဂံ၊ မုံရွာနှင့် ကျောက်ကာတို့ ဖြစ်ကြပြီး ရှမ်းပြည်နယ် မိုင်းကိုင်ဒေသတွင်လည်း အနည်းငယ် လုပ်ကိုင်ခဲ့ ကြသည်။ ဗြိတိသျှတို့၏ စိုးမိုးမှုအောက်တွင် ယွန်းထည်လုပ်ငန်းမှာ မတွင် ကျယ်ဘဲ မှေးမှိန်နိမ့်ကျနေသဖြင့် ယွန်းလုပ်ငန်းသမားများမှာ ချောင်လည်မှု မရှိခဲ့ကြပေ။ မြန်မာ့ယွန်းထည်များသည် ဂျပန်၊ ထိုင်းတို့မှ လက်ရာများကိုမမီ ဘဲ ပြည်တွင်းသုံးနှင့် ရပ်သုံးရွာသုံးမျှသာ ဖြစ်သည့်အပြင် နိုင်ငံခြားမှတင်သွင်း သော ကြွေထည်၊ ဖန်ထည်နှင့် ဒန်သတ္တုပစ္စည်းများက နေရာယူလာသဖြင့် ယွန်းလုပ်သားများမှာ လုပ်အားရှိပါလျက် လုပ်ခွင့်မသာ ဖြစ်ခဲ့ကြရသည်။

**ယွန်းလုပ်ငန်းသင်တန်းကျောင်း**

မြန်မာ့ရိုးရာယွန်းလုပ်ငန်းကို အားပေးမြှင့်တင်ရန်ဟူသော ရည်ရွယ်ချက် ဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနသည် ၁၉၂၄ ခုနှစ် ဇူလိုင်လတွင် ပုဂံ၌ ယွန်းလုပ်ငန်းသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ကာ ဦးစိန်ကို အစိုးရ ယွန်းအတတ်ပညာ ကျွမ်းကျင်သူအဖြစ် ခန့်ထားခဲ့သည်။ သင်တန်းသို့ တက် ရောက်သင်ကြားခွင့်အတွက် ပုဂံမြို့၌ ယွန်းလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုဝင်များကို ဦးစားပေး ရွေးချယ်ခေါ်ယူခဲ့သည်။ သင်တန်းကာလ သုံးနှစ် အတွင်း ယွန်းထည်လုပ်ငန်းနှင့်သက်ဆိုင်သမျှကို အခြေခံမှစ၍ သင်ကြားပေးခဲ့ သည်။

အိမ်တွင်းစက်မှုလက်မှုဝန် မစ္စတာဟာဗေ လက်ထက် ၁၉၂၅ ခုနှစ်တွင် ဇင်းမယ်မှ ယွန်းထည်များကိုမှာယူ၍ ပုဂံသင်တန်းကျောင်းသို့ပေးပို့ပြီး နည်းယူ စေခဲ့သည်။ အစိုးရအရာရှိကြီးများ၊ ဝန်ကြီးများက ကျောင်းသို့ အခါအားလျော်စွာ လာရောက်အားပေးကြပြီး ကျောင်းသားများ၏ လက်ဖြစ်ယွန်းထည်များကို နှစ်စဉ်ကျင်းပသော လက်မှုအနုပညာပြပွဲတွင် တင်သွင်းပြသရောင်းချစေခဲ့သည်။

ပုဂံယွန်းလုပ်ငန်းပညာသင်ကျောင်း စတင်ဖွင့်လှစ်သောနှစ်တွင် ကျောင်းသား ၁၄ ယောက်ရှိသည့်အနက် ၁၀ ယောက်ကို ပညာသင်ထောက်ပံ့ကြေး တစ်လ လျှင် ပထမနှစ်အတွက် ၇ ကျပ်၊ ဒုတိယနှစ်အတွက် ၁၀ ကျပ်နှင့် တတိယနှစ် အတွက် ၁၂ ကျပ် ထောက်ပံ့ပေးခဲ့သည်။ ကျောင်းစဖွင့်သည့် ၁၉၂၄-၁၉၂၅ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ကာလအတွင်း တစ်နှစ်လျှင် သုံးတန်းပေါင်း ကျောင်းသားဦးရေမှာ ၂၀ မှ ၃၀ အတွင်း ရှိခဲ့သည်။ ၁၉၂၇ ခုနှစ် တစ်နှစ်တွင်သာ ၃၄ ဦးအထိ ရှိခဲ့သည်။ တစ်နှစ်လျှင် ကျောင်းသားသစ် ၁၀ ယောက်ထက်ပို၍ လက်မခံခဲ့ပေ။ ၁၉၃၃ ခုနှစ်မှစ၍ စတိုင်ပင်ထောက်ပံ့ကြေးဖြင့် တစ်နှစ်လျှင် ကျောင်းသားသစ် ငါးယောက်ကိုသာ လက်ခံခဲ့သည်။ ပုဂံယွန်းလုပ်ငန်း အတတ် သင်ကျောင်းမှ ပညာသင်ကြား တတ်မြောက်သွားသူ စုစုပေါင်းမှာ ၁၉၃၇ ခုနှစ် နှစ်ကုန်အထိ ဦးရေ ၁၀၀ ရှိခဲ့သည်။

ပုဂံ ယွန်းအတတ်သင်ကျောင်းသည် အစိုးရက တာဝန်ယူဖွင့်လှစ်သော လက်မှုပညာသင်ကျောင်းဖြစ်သည်။ ဆရာ မလုံလောက်ခြင်းကြောင့် ကျောင်းသားဦးရေ တိုးမြှင့်လက်ခံနိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် ဆရာများမှာ ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက် ကြသူများ မဟုတ်ကြပေ။ ပညာသင်စရိတ် ထောက်ပံ့ငွေကိုလည်း ၁၉၃၂ ခုနှစ် မှစ၍ တစ်တန်းလျှင် ကျောင်းသား ၁၀ ယောက်မှ ငါးယောက်အထိ လျှော့ချခဲ့သည်။

နှစ်စဉ်ထောက်ပံ့ကြေးကိုလည်း ပထမနှစ်အတွက် ၅ ကျပ်၊ ဒုတိယနှစ် အတွက် ၈ ကျပ်၊ တတိယနှစ်အတွက် ၁၀ ကျပ်ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ အစိုးရက ဘဏ္ဍာရေးကျပ်တည်းမှု အကြောင်းပြချက်ဖြင့် ပုဂံယွန်းကျောင်းကို ပိတ်ရန် ၁၉၃၁ ခုနှစ်က စဉ်းစားခဲ့ဖူးသည်။ ထို့ကြောင့်ပင် ၁၉၃၂ ခုနှစ်တွင် စတိုင်ပင် ထောက်ပံ့ကြေးပေးရသော ကျောင်းသားများကို လက်မခံတော့ပေ။ အစိုးရက ထိုကျောင်းအတွက် တစ်နှစ်လျှင် ငွေကျပ် ၅၀၀၀ ကျော်ခန့်သာ အကုန်အကျခံခဲ့သဖြင့် အချို့ကျောင်းသားများမှာ စတိုင်ပင်ထောက်ပံ့ကြေး မရဘဲ သင်တန်းတက်ကြရသည်။ သင်တန်းပြီးဆုံး၍ ကျောင်းမှထွက်သူများမှာ ယွန်းလုပ်ငန်းပိုင်ရှင် ဆရာများထံတွင် လခစား ဝင်ရောက်လုပ်ကိုင်ကြသလို အချို့ကလည်း မိဘတို့၏ ယွန်းလုပ်ငန်းတွင်ပင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာယွန်းလုပ်ငန်းကို အစိုးရက အားပေး မြေတောင်မြှောက်ခဲ့သည် ဆိုသော်လည်း မျှော်မှန်းသကဲ့သို့ ထမြောက်အောင်မြင်ခြင်းမရှိဟု ဆိုရမည် ဖြစ်သည်။ အစိုးရက ကျောင်းဖွင့်ပြီး စနစ်တကျသင်ပေးသည်မှာ မှန်သော် လည်း ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်သည့်ဆရာများ မရှိခဲ့ပေ။ ကျောင်းအုပ်အပါအဝင် သင်တန်းကျောင်းဆရာတို့၏ လစာမှာ ၁၂၅ ကျပ်ခန့်သာရှိပြီး အများဆုံးမှာ ကျပ် ၂၀၀ ဖြစ်သည်။ အစိုးရက ငွေကုန်ကြေး ကျမခံသဖြင့် တစ်နှစ်လျှင် ကျောင်းသားသစ် ၁၀ ယောက်ခန့်သာ လက်ခံနိုင် ခဲ့ပြီး စီးပွားရေး လုပ်ငန်းကြီးတစ်ခု ဖြစ်လာရန်နှင့် ဈေးကွက်တွင် နေရာရလာ ရန် စွမ်းဆောင် နိုင်ခြင်းမရှိခဲ့ပေ။

**အစိုးရ အကူအညီမယူသော လက်မှုပညာသင်ကျောင်း**

အစိုးရ၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနက တာဝန်ယူခြင်းမရှိဘဲ ရပ်ရွာမှ ဖွဲ့စည်းတည်ထောင်သော လက်မှုပညာသင်ကျောင်း တစ်ကျောင်း လည်း ရှိခဲ့သည်။ ထိုကျောင်းမှာ ရန်ကုန်အလုံရပ်ကွက်ရှိ အလုံ လက်မှုပညာ သင်ကျောင်းဖြစ်သည်။ ကျောင်း၏ရည်ရွယ်ချက်မှာ အသက်မွေးဝမ်းကျောင်း ဖြစ်စေမည့် လက်မှုပညာများ သင်ပေးရန်နှင့် အိမ်တွင်းလက်မှုလုပ်ငန်းများ တိုးတက်ကြီးပွားစေရန်တို့ ဖြစ်သည်။ ကြိမ်ထိုးလုပ်ငန်း၊ ဝါးထိုးဝါးရက်လုပ်ငန်း၊ လက်သမားလုပ်ငန်းစသော လက်မှုပညာများကို သင်ပေးပြီး နောက်ပိုင်းတွင်မူ လက်ရက်ကန်းပညာကိုပါ ပူးတွဲသင်ကြားပေးခဲ့သည်။ အိန္ဒိယတွင် ထိုသို့သော လက်မှုပညာသင်ကျောင်းများကို ဘီဟာ၊ ဩရိသ၊ ဘင်္ဂလားနှင့် မိုက်ဆိုးနယ် များတွင် အများအပြား တည်ထောင်ပြီး အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးသည်ကို အတုယူကာ မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သည့် တစ်ခုတည်းသောကျောင်း ဖြစ်သည်။ အစိုးရအကူအညီ လုံးဝမပါဘဲ အိမ်တွင်း လက်မှုပညာများကို ထိန်းသိမ်းရန်နှင့် တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ ။

> **“မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းဖြစ်သော အိုးလုပ်ငန်းကို ခေတ်မီတိုးတက်အောင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနက ကျွမ်းကျင်ပညာရှင်ခန့်ထား၍ ကူညီသည်ဆိုသော်လည်း ထိရောက်မှုမရှိခဲ့။ ကျွမ်းကျင်ပညာရှင်၏ အိုးလုပ်ငန်းဌာန ဓာတ်ခွဲခန်းတွင် ကြွေထည်မြေထည်သုံး ကုန်ပစ္စည်းအမျိုးမျိုးကို စမ်းသပ်ထုတ်လုပ်အောင်မြင်ခဲ့သော်လည်း စီးပွားဖြစ်လုပ်ငန်းကြီးများ တည်ထောင်ပေါ်ထွန်းလာခြင်း မရှိခဲ့ပေ”**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၂၀) နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည် (ဦးစွာပေးပို့လာသည့် လျှောက်လွှာ (၁၅၀) ကိုသာ လက်ခံမည်ဖြစ်ပါသည်)-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာဘွဲ့၊ စီးပွားရေးဘွဲ့(B.Com၊ B.Act)၊ ကွန်ပျူတာဘွဲ့၊ နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့နှင့် ဥပဒေဘွဲ့ ရရှိသူများဖြစ်ရမည်။
- (ဂ) ၄-၃-၂၀၂၂ ရက်နေ့တွင် အသက် ၂၅ နှစ် မကျော်လွန်သူဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းနှင့် မဟာဘွဲ့ရရှိထားသူဖြစ်ပါက အသက် ၃၀ နှစ် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (င) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
  - (၁) ကိုယ်ရေးမှတ်တမ်း
  - (၂) (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ (၃)ပုံ
  - (၃) နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)
  - (၄) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ် (မိတ္တူ)
  - (၅) အခြားတတ်ကျွမ်းသည့် ဘာသာရပ်များအတွက် အောင်လက်မှတ် (မိတ္တူများ)
  - (၆) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)
  - (၇) တစ်လအတွင်းပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ (မူရင်းများ)
  - (၈) (၆)လအတွင်း ပြုလုပ်ထားသည့် အလုပ်သမားမှတ်ပုံတင် (မိတ္တူ) (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက တင်ပြရန်မလိုပါ)
  - (၉) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ (မူရင်း)

၂။ လျှောက်လွှာများကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်သို့ ၄-၃-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်သည်။

၃။ စာမေးပွဲဖြေဆိုခွင့် ခုံအမှတ်များကို ၂-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀) ၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်။

၄။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို စစ်ဆေးမည်ဖြစ်ပြီး ၃-၄-၂၀၂၂ ရက်နေ့တွင် နံနက် ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီအထိ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။

၅။ ရေးဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ရေးဖြေအောင်မြင်ပြီး လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင် စသည်တို့ကို မူရင်း တင်ပြနိုင်ရမည်။

၇။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀)၊ နေပြည်တော် တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၂၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန(မီးသတ်ဦးစီးဌာန) မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ တူညီဝတ်စုံများဝယ်ယူရန် တင်ဒါတင်သွင်းရေးဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) အရန်မီးသတ်ဝတ်စုံ | ၅၀၀၀ စုံ | Lot – 1 |
| (ခ) ရှာဖွေကယ်ဆယ်ရေးဝတ်စုံ | ၁၁၆ စုံ | Lot – 2 |
| မီးငြိမ်းသတ်ရေးဝတ်စုံ | ၁၀၀ စုံ | |
| (ဂ) လေ့ကျင့်ရေးမွမ်းမံဝတ်စုံ | ၅၀၀ စုံ | Lot – 3 |
| အရန်အမျိုးသမီးဝတ်စုံ | ၁၀၄ စုံ | |

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၃၀-၁-၂၀၂၂ ရက်မှ ၂၉-၂-၂၀၂၂ ရက်ထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၉-၂-၂၀၂၂ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၀၂၂၄၉၁၊ ၀၅၇-၂၀၂၂၃၀၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးဌာန**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

## အများသိစေရန် ကြေငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းရီ (AA-၀၇၉၂၁၃) (၁၂/စခန(နိုင်)၀၂၃၃၂၆) ကိုင်ဆောင်သူ(ဘ-ဦးဘနှစ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေငြာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်စန်းစန်းရီသည် ဒေါ်စန်းရင် (၁၂/ဗဟန(နိုင်)၀၃၁၉၉၄)အားရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊၃၇ရပ်ကွက်၊စိန္တာမဏိလမ်း၊အမှတ်(၃၀၇) နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သတ်၍ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၁၃/၂၀၀၈)ဖြင့်(၁၇.၃.၂၀၀၈) ရက်နေ့တွင်လွှဲပေးခဲ့ပါသည်။ယခုအခါ၎င်းအားကိုယ်စားလုပ်ကိုင်ခွင့်ပြုရန်ဆန္ဒမရှိတော့ပါသဖြင့်အဆိုပါကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းပါကြောင်းအများသိစေရန်အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ |

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် Volunteer များအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် Volunteer များအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် (PPE Level-3, Shoe Cover, Goggles, N-95 Mask, Surgical Mask, Surgical Cap, Surgical Gown,Glove (တစ်ခါသုံး)၊ ရော်ဘာ Golve, Apron, Face Shield, လည်ရှည်ဖိနပ်, အကြမ်းစီးဖိနပ်, Disposable Table Sheet, Hand Gel, Hand Spray, Hand Washing Soap Liquid, အရက်ပြန်၊ အိမ်သာဆေးရည်၊ Bleaching Power, အမှိုက်ပုံးကြီး၊ အမှိုက်အိတ်၊ ပိုးသတ်ဆေးရည်၊ ဆေးဖျန်းပုံး၊ သူနာပြုဆေးပုံး၊ အပူချိန်တိုင်းစက်၊ ဗီတာမင်စီ၊ ထီးအကြီး Hand Speaker, ဘေစင်၊ ပိုးသတ်ဆေးဖျန်းစက်) ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျန်းမာရေးအထောက်အကူပြုပစ္စည်း | (၃)မျိုး | Lot-1 |
| (ခ) | ကျန်းမာရေးအထောက်အကူပြုပစ္စည်း | (၁၁)မျိုး | Lot-2 |
| (ဂ) | ကျန်းမာရေးအထောက်အကူပြုပစ္စည်း | (၁၀)မျိုး | Lot-3 |
| (ဃ) | ကျန်းမာရေးအထောက်အကူပြုပစ္စည်း | (၆)မျိုး | Lot-4 |
| (င) | ကျန်းမာရေးအထောက်အကူပြုပစ္စည်း | (၁)မျိုး | Lot-5 |

၂။ အထက်ပါ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအတွက် ပစ္စည်းဆိုင်ရာအဆိုပြုလွှာကို တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ ထားဝယ်မြို့တွင် ၁-၂-၂၀၂၂ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၆-၂-၂၀၂၂ ရက် ညနေ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ထားဝယ်မြို့၊ ဆိပ်ကမ်းသာလမ်း၊ ဖုန်း-၀၅၉-၂၀၂၃၄၉၇၊ ၀၉-၄၃၁၃၉၃၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး**
**လူမှုဝန်ထမ်းရုံး၊ ထားဝယ်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ချမ်းအေးသာစံမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၆၂**

| | | |
|---|---|---|
| ဒေါ်နွဲ့နွဲ့ | **နှင့်** | ဒေါ်လင်းလင်းလတ် |
| **တရားလို** | | **တရားပြိုင်** |

ဒေါ်လင်းလင်းလတ် လမ်း ၆၀၊ ၃၀x၃၁ လမ်းကြား၊ ရတနာတိုင်းပြည်တိုက်ခန်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်စွာပေးအပ်ကူညီထားသောငွေကျပ် ၃၀၀၀၀၀၀ (ကျပ်သိန်းသုံးဆယ်)တိတိ ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၅ရက် (၁၃၈၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒာသန့်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရာ၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပန်းလည်တိုင်တို့ပါ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ပါဝင်လှူဒါန်း နိုင်ပါကြောင်း နှိုးဆော်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရာ၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပန်းလည်တိုင်တို့ကိုပါ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် အလှူတော်ငွေ ရန်ပုံငွေများစွာလိုအပ်လျက်ရှိပါသဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့မှဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိရာပြည်တွင်း/ပြည်ပရှိစေတနာရှင်အလှူရှင် ပြည်သူများမှပါဝင်လှူဒါန်းလိုပါက ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ အလှူခံမဏ္ဍပ်နှင့် အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကျိုက်သလွံစေတီတော် ဂေါပကအဖွဲ့ရုံး | ဖုန်း-၀၅၇-၂၀၂၂၃၂၄ |
| (ခ) | မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး | ဖုန်း-၀၅၇-၂၀၂၇၃၀၃ |
| (ဂ) | မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | ဖုန်း-၀၅၇-၂၀၂၅၈၇၆ |
| (ဃ) | မွန်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဖုန်း-၀၅၇-၂၀၂၇၀၇၃ |

ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် အလှူငွေများကို ဦးစိုးမြင့် ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၅၃၁၂၅၈၉)၊ ဦးကျော်ဇင်ဦး ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၄၄၀၆၃၉၆၁၁)၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၅၃၂၂၅၀၂ ) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

မော်လမြိုင်မြို့၊ ကမ္ဘောဇဘဏ်ခွဲ(၁)၌ ဖွင့်လှစ်ထားရှိသည့် ကျိုက်သလွံစေတီတော် ရန်ပုံငွေစာရင်းအမှတ်(0223020202309302) သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ကြေညာအပ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၈၃**

| | | |
|---|---|---|
| ဒေါ်အိရွှေစင် | **နှင့်** | ဒေါ်ခင်ဆွေဝင်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် (ဖဖ-၇/၃၀)နေ ဦးဘရှင်၏သမီး ဒေါ်ခင်ဆွေဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိရွှေစင်မှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၇)၊ ဦးပိုင်အမှတ်(၈၅)၊ ဧရိယာ ၀ဒသမ ၀၅၅၁ ဧကရှိ ဂရန်မြေကွက်မှာ ဒေါ်ခင်ဆွေဝင်းအမည်ဖြင့် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသောမြေကွက်အား တရားလိုနှင့်တရားပြိုင်တို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကို)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အတ္တရံရပ်ကွက်နေ ဟာတင်(ခ) ဦးမိုးဇော် KMW-၁၄၄၆၆၅မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထင်ကျော်ကျော်ခင် ၁၂/ရကန(နိုင်)၀၇၃၈၅၂ ၏ Proficiency in Survival craft and Rescue Boats other than Fast Rescue Boats ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၉၅၄၈၇၆

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၇၆၃)နေ ဦးနန္ဒစိုး၏သမီး အမက( )Grade-1 မှ မသဇင်ထွဋ်အား မသရဖီစိုးဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊မင်္ဂလာသိဒ္ဓိရပ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/သီရိရတနာ)၊ မြေကွက်အမှတ်(၁၇၆)၊ အကျယ်အဝန်း(၂၀၀x၁၀၀)ပေ၊ ဧရိယာ ၀ ဒသမ ၄၅၉ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးဝင်းကြိုင် (ဘ)ဦးသန်းဆောင် ၉/ပသက(နိုင်)၀၁၃၃၆၅ အမည်ဖြင့် မြေငှားဂရန်အမည်ပေါက်ထားပြီး ၎င်းထံမှ အထူးကိုယ်စား လှယ်လွှဲစာရသူ ဒေါ်အေးမို့မို့ဖြူ ၁၂/ဥကမ(နိုင်)၀၈၅၈၅၉မှ ရောင်းချပိုင်ခွင့်ရှိသဖြင့် ယင်းမြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများ၏အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဇော်မင်း**
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၄၀)၊(၁၇)လမ်း၊ပေါင်းလောင်း(၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်
ဖုန်း-၀၉-၄၂၀၇၁၈၄၄၂

## ဖော်ပြပါမြေကွက်များအား မြေချပါမစ်/မြေငှားစာချုပ်(ဂရန်) ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ(နေပြည်တော်)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေကွက် | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | အောင်ချမ်းသာတိုးချဲ့-၂ | ၄၅၈ | ဒေါ်သန္တာအေးအောင် | ဒေါ်နီလာဝင်း | ၁၁/မတန(ပြု)၀၀၂၀၅၉ | ဂရန် |
| ၂ | သန်လျင် | အောင်ချမ်းသာတိုးချဲ့-၂ | ၄၅၉ | ဦးရန်နောင် | ဒေါ်နီလာဝင်း | ၁၁/မတန(ပြု)၀၀၂၀၅၉ | ဂရန် |
| ၃ | သန်လျင် | အောင်ချမ်းသာတိုးချဲ့ | ၁၉၈၀ | ဦးတင့်လွင် | ဒေါ်ခင်မာဝေ | ၁၁/သလန(နိုင်)၀၁၀၀၄၁၆ | ဂရန် |
| ၄ | သန်လျင် | အောင်ချမ်းသာတိုးချဲ့ | ၁၉၉၄ | ဦးမောင်ဝင်း | ဒေါ်ခင်မာဝေ | ၁၁/သလန(နိုင်)၀၁၀၀၄၁၆ | ဂရန် |
| ၅ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၆၃၈ | ဒေါ်မြပါ(၂)ဦး | ဦးနှင်းလွင် | ၁၂/ပဇတ(နိုင်)၀၂၅၂၃၁ | ပါမစ် |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းရှိ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်အမှတ် C-2၊ အခန်းအမှတ် (B/111) ၏ မူလအမည်ပေါက် ဒေါ်စန်းစန်းအေး ၁၂/တမန(နိုင်)၀၉၃၂၄၃ ထံမှ ဦးအောင်နိုင်လွင် ၁၂/ရပသ(နိုင်)၀၃၅၀၉၆-ဒေါက်တာအောင်ဆည်းဆာ ၁၂/အစန (နိုင်)၁၇၅၂၀၂တို့က စာချုပ်စာတမ်းများ ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထား လာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ ၁၄ ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ နဝင်းကွက်သစ်၊ ၁၂လမ်း၊ အမှတ် ၂၉/၃၄စသည် မြေပေးမိန့်ထုတ်ပေးစဉ်က အမည်မှာ ဦးသိန်းဆောင် CHK ၁၀၆၄၀၆ ဖြစ်ပြီး ရုံးမှတ်တမ်းမှတ်ရာတွင် ဦးသိန်းအောင်ဖြစ်နေပါသဖြင့် ဦးသိန်းဆောင်နှင့်ဦးသိန်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
ပြည်
လည်းရ
လည်းလှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ရုပ်သံကျွမ်းကျင်(၂)(သတင်းကြေညာသူ) | (၄) နေရာ |
| (ခ) | ရုပ်သံကျွမ်းကျင်(၂) Myanmar International | (၆) နေရာ |
| (ဂ) | ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား) (အရှေ့ပိုး၊ စကောကရင်၊ မွန်၊ ဝ၊ ရခိုင်) | (၅) နေရာ |
| (ဃ) | အသံလွှင့်ကျွမ်းကျင်(၂) (သတင်း/အစီအစဉ်ကြေညာသူ) | (၁၁) နေရာ |
| (င) | အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား) (ရခိုင်) | (၂) နေရာ |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂) | (၅) နေရာ |
| (ဆ) | အနုပညာရှင်(၂) | (၅) နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၈-၂-၂၀၂၂ ရက်တွင် အမှတ်စဉ်(က၊ ဂ၊ ဃ၊ င၊ စ၊ ဆ) ရာထူးများအတွက် အသက်(၃၅)နှစ်နှင့် အမှတ်စဉ်(ခ)ရာထူးအတွက် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
- (င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ
- (က) ရုပ်သံကျွမ်းကျင်(၂) (သတင်းကြေညာသူ)ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာ ဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
  - ရုပ်ရည်ရူပကာ ပြေပြစ်/ကြည့်ကောင်းရမည်။ အသံသြဇာ ပြည့်စုံကောင်းမွန်ပီသစွာ ပြောဆိုနိုင်ရမည်။
- (ခ) ရုပ်သံကျွမ်းကျင်(၂) ရာထူး Myanmar International အတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ M.A (English)၊ B.A(English) နှင့် အလားတူဘွဲ့များ ဦးစားပေးစဉ်းစားမည်။
  - အင်္ဂလိပ်စာ(4 Skills နှင့် ဘာသာပြန်) ကောင်းမွန်စွာ တတ်ကျွမ်းနားလည်ရမည်။
  - ရုပ်ရည်ရူပကာ ပြေပြစ်/ကြည့်ကောင်းရမည်။
  - New Media အား ထိတွေ့သိရှိနားလည်သူ Media and Information Literacy ဆိုင်ရာ ဗဟုသုတပြည့်စုံသူဖြစ်ရမည်။
- (ဂ) အသံလွှင့်ကျွမ်းကျင်(၂)ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာ ဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ၊ အင်္ဂလိပ်စာအရေး/ အဖတ်/အပြောကျွမ်းကျင်ခြင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခြင်းရှိသူများ ဦးစားပေးမည်။
  - ရုပ်ရည်ရူပကာ ပြေပြစ်/ကြည့်ကောင်းရမည်။ အသံသြဇာ ပြည့်စုံကောင်းမွန်ပီသစွာ ပြောဆိုနိုင်ရမည်။
- (ဃ) ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား) (အရှေ့ပိုး၊ စကောကရင်၊ မွန်၊ ဝ၊ ရခိုင်)/အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား)(ရခိုင်)ရာထူးအတွက်
  - ဘွဲ့ရရှိသူဦးစားပေးမည်။
  - အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
  - မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။
- (င) အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးအတွက်
  - ME, BE, B-Tech, A.G.T.I(EP/EC/IT/Mechnical/Mechatronics), M.Sc, B.Sc(Phys;) ဖြစ်ရမည်။
  - ကွန်ပျူတာအခြေခံကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  - Audio/Video/Editing ဘာသာရပ်များနှင့် Media သင်တန်း တက်ရောက်ပြီးသူများ ဦးစားပေးမည်။
- (စ) အနုပညာရှင်(၂)ရာထူးအတွက်
  - အနည်းဆုံးပညာအရည်အချင်းသတ်မှတ်ချက်မှာ အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
  - တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးမှုတ်နိုင်ရမည် (သို့မဟုတ်) အဆိုပညာတတ်ကျွမ်းရမည်။

၄။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေး စာမေးပွဲများ ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)နှင့် လူတွေ့ကို ရန်ကုန်/တပ်ကုန်းတို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ ၂၈-၂-၂၀၂၂ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း၊ နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
- (က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ထည့်သွင်းရန်)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ/ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ
- (ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
- (ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဇ) ဝင်ကြေးငွေကျပ် ၁၀၀၀ိ/- ပေးသွင်းသည့် ချလန်မူရင်း(သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ိ/-ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ် အမ်ဒီ-၀၁၀၃၉၀သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ်ငွေစာရင်းအမှတ် အမ်ဒီ-၀၁၀၆၆၉သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းဒေသကြီးများအတွက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာစာတိုက်(သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order) ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၆။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအား စိစစ်၍ ရေးဖြေစာမေးပွဲ ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည် ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ ဖုန်း-၀၆၇-၈၀၇၉၁၈၅ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ၂၀၂၂ ခုနှစ် မတ်လအတွက် ဒီဇယ်ဆီ (High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel) နှင့် ဓာတ်ဆီ(Octane-92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၄-၃-၂၀၂၂ ရက် ၁၃:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊Toll Gate အနီး)၊ဗိုလ်တထောင်မြို့နယ်တွင် ၂၉-၁-၂၀၂၂ ရက်မှစ၍ ၁-၃-၂၀၂၂ ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့်အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Transformer/ GCB Indoor Type | ၁၁/၁ လုံး |
| (ခ) | Generator | ၅ လုံး |
| (ဂ) | သစ်ခုတ်လွှ/မြက်ဖြတ်စက် | ၄၆/၇၅ လုံး |
| (ဃ) | ထွန်စက်တွဲဆေးဖျန်းစက် | ၁ လုံး |
| (င) | Bed Knife/Reel Blade | ၈၀/၆ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၁-၂၀၂၂ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အမှတ်စဉ်(က)နှင့် (ခ)ပါပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါကို ၂၆-၂-၂၀၂၂ ရက် ၁၂:၀၀ နာရီနှင့် အမှတ်စဉ် (ဂ)၊ (ဃ) နှင့် (င)ပါ ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါကို ၁၁-၂-၂၀၂၂ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ် ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ မြေကွက်အမှတ် (၆/၂၆၁)၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကခန့်ရှိ မြေကွက်အား ဒေါ်ညွန့် ၉/ပမန(နိုင်)၀၂၃၂၅၉ မှ အမွေခွဲဝေခြင်းကတိစာချုပ်၊ ကျမ်းကျိန်လွှာ၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေသူဌေးရပ်၊ အကွက်အမှတ် ၁၈၊ တမာချောင်၊ ဦးပိုင်အမှတ် ၄၇၊ မြေကွက်အမှတ် ၁၉၀၊ မြေဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ မြေကွက်သည် ဒေါက်တာခင်မာကြူအမည်ဖြင့် နှစ် ၃၀ မြေငှားရန်ရရှိထားသည့် ပိုင်းမြေဖြစ်ပါသည်။ ၎င်းမြေကွက်အား ကမ္ဘောဇရတနာဘဏ်မှ လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်၍ ဒေါက်တာခင်မာကြူအမည်မှ ကမ္ဘောဇရတနာဘဏ် အမည်သို့ အမည်ပြောင်းဂရန်လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လိုပါက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

